ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်ထုတ်ဝေခဲ့သည်။
Established in 1957

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ စနေနေ့ (18-5-2013) (၇၄၇၄)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အလုပ်သဘောခရီးသွားရောက်ရန် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာ

ရန်ကုန် မေ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အလုပ်သဘောခရီးသွားရောက်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသန့်ကျော်၊ ဦးရဲထွန်း၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာမျိုးမြင့်၊ ဒေါက်တာသိန်းသိန်းဌေးနှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။

(သတင်းစဉ်)



အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက် အိုဘားမား ၂၀၁၂ ခုနှစ် နိုဝင်ဘာလက မြန်မာနိုင်ငံသို့ လာရောက်စဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံရှိ အမိမြန်မာပြည် ရုပ်တုရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)



the WHITE HOUSE

BLOG PHOTOS & VIDEO BRIEFING ROOM ISSUES the ADMINISTRATION

The White House

Office of the Press Secretary

For Immediate Release May 15, 2013

**Statement by the Press Secretary on the visit of President Thein Sein of Myanmar to the White House**

# နိုင်ငံတော်သမ္မတအား အိမ်ဖြူတော်၌ ကြိုဆိုလက်ခံမည်

နေပြည်တော် မေ ၁၇

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည့်ကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန် အိမ်ဖြူတော် သတင်းထုတ်ပြန်ရေးအတွင်းရေးမှူးရုံးက မေ ၁၅ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် သမ္မတအိုဘားမားသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ၂၀၁၃ ခုနှစ် မေလ ၂၀ ရက်နေ့တွင် အိမ်ဖြူတော်၌ ကြိုဆိုလက်ခံမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလက ရန်ကုန်မြို့သို့ သွားရောက်ခဲ့သည့် သမ္မတ အိုဘားမား၏ သမိုင်းဝင်ခရီးစဉ်နောက်ပိုင်း သမ္မတ ဦးသိန်းစိန်အစိုးရ ဖော်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကို ပြည်သူ့လွှတ်တော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ အရပ်ဘက်လူ့အဖွဲ့အစည်း ခေါင်းဆောင်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်မှုများ ဆက်လက်ဖြစ်ပေါ်စေရန်အတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် ထောက်ခံအားပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ဖွံ့ဖြိုးရေး၊ ဘာသာရေးနှင့် တိုင်းရင်းသားရေးရာများ ဖြေရှင်းနိုင်ရေး၊ ပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းများ ဆောင်ကြဉ်းနိုင်ရေးတို့အတွက် ကျန်ရှိနေသေးသော စိန်ခေါ်မှုများစွာနှင့်စပ်လျဉ်း၍ သမ္မတ ဦးသိန်းစိန်နှင့် ဆွေးနွေးနိုင်ရန်၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် မည်သို့ကူညီနိုင်မည်ကို ညှိနှိုင်းရှာဖွေရန် သမ္မတအိုဘားမားက မျှော်လင့်ထားကြောင်း။

သမ္မတ ဦးသိန်းစိန်၏ အိမ်ဖြူတော်ခရီးစဉ်သည် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်လျက်ရှိသော အစိုးရများကို အားပေးထောက်ခံရန်နှင့် ကူညီပံ့ပိုးပေးရန် သမ္မတအိုဘားမား၏ ကတိကဝတ်ပြုထားမှုအပေါ် အထင်အရှားပြဆိုလျက်ရှိကြောင်း၊ မြန်မာပြည်သူများအနေဖြင့် ၎င်းတို့နိုင်ငံ၏ ထူးခြားမှုများရှိသော အလားအလာကောင်းများကို အပြည့်အဝရရှိ ခံစားနိုင်စေရေးအတွက် ပံ့ပိုးကူညီပေးရန် အမေရိကန်အစိုးရ၏ သန္နိဋ္ဌာန်ချထားမှုကို မီးမောင်းထိုးပြနေကြောင်းဖြင့် ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ မာတိကာ




ဗီဒီယိုဂိမ်းကို ဆိုနီနှင့် ရိုဗီယိုကုမ္ပဏီတို့မှ သရီးဒီရုပ်ရှင်အဖြစ် ဖန်တီးမည် စာမျက်နှာ ၁၂



ဒေးဗစ်ဘက်ခမ်း ဘောလုံးလောကကို လက်ပြနှုတ်ဆက် စာမျက်နှာ ၁၃

မူဆယ်မြို့၌ မိုင်းကွဲ၊ အမျိုးသားတစ်ဦးသေဆုံး စာမျက်နှာ ၉



ခေတ်မီဆန်းသစ်သော ဒုံးကျည်များ ရုရှားက ဆီးရီးယားသို့ တင်ပို့ဟုဆို စာမျက်နှာ ၄



ကြေးမုံ စာ တည်း ရှု ထောင့်   ၁၈-၅-၂၀၁၃၊ စနေနေ့

# တစ်လုပ်စားဖူး သူ့ကျေးဇူး

အဌမတန်းအင်္ဂလိပ်စာ ပြဋ္ဌာန်းစာအုပ်တွင် သခင်မိသားစုအပေါ် သစ္စာစောင့်သိသော၊ အသက်နှင့်ရင်းပြီး ကာကွယ်စောင့်ရှောက်မှုပေးသော၊ သခင်၏ အထင်လွဲမှုများ၍ အသတ်ခံရသော ခွေးတစ်ကောင်အကြောင်း ဖတ်ဖူးသည်။

သခင်ပြန်လာချိန် စောင့်ကြိုနေတတ်သော ခွေးလေးတစ်ကောင်၏ ရင်နင့်ဖွယ်ဇာတ်လမ်း။ သခင်ဖြစ်သူ ရုတ်တရက်သေဆုံးသွားချိန် ဘူတာရုံမှာ နေနေသည်။ သခင်အလာစောင့်ရင်း အစာရေစာမသောက်မစား အသေခံသွားသော ခွေးလေးကို ဂုဏ်ပြုထုလုပ်ထား၍ ခွေးရုပ်ရထားဘူတာကိုလည်း မှတ်သားဖူးသည်။ ထို့အပြင် သခင့်မြေစာပုံအနားတွင် တမှိုင်မှိုင်နှင့် လွမ်းဆွေးနေသည့် တရုတ်နိုင်ငံမှ ခွေးလိမ္မာ၊ မိန်းကလေးတစ်ယောက်၏ အသက်ကို ကယ်တင်ခဲ့သော ပိုလန်နိုင်ငံမှ ခွေးလေးတစ်ကောင်၊ မျက်စိလည် လမ်းမှားနေသော ၃ နှစ်အရွယ်မိန်းကလေးနှင့်အတူ နှင်းတောထဲမှာ တစ်ညလုံးနေကာ စောင့်ရှောက်ပေးနေရှာသော ခွေးလိမ္မာ စသည့်အကြောင်းများကိုလည်း ဖတ်ဖူးသည်။ ယနေ့အထိ မိုင်းရှင်း၊ ဗုံးရှာနှင့် အန္တရာယ်ကြားမှာ သခင့်အလိုကျ သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်ပေးနေကြသည့် ခွေးများစွာရှိပါသည်။

ခွေးလေခွေးလွင့်တိုင်း ခွေးရူး၊ ခွေးဆိုးများ မဟုတ်ကြပါ။ လမ်းပေါ်နေခွေးများကို လူတွေက အမှိုက်များဟု ဥပက္ခာပြုရက်စက်တတ်ကြသော်လည်း ထိုခွေးများမှာမူကား သူတို့ကျင်လည်ရာ အဝန်းအဝိုင်းအပေါ် အရှင်သခင်များအဖြစ်သတ်မှတ် ကာကွယ်စောင့်ရှောက်ပေးတတ်ကြသည်။ ညအချိန် လူစိမ်းများအဝင်မခံ၊ မာန်ဖီကာကွယ်ပေးတတ်ကြသည်။ ထမင်းကြမ်းလေးတစ်ခဲ ပစ်ကျွေးပေးလိုက်ရုံနှင့် သူတို့၏ အရှင်သခင်များအဖြစ် အသိအမှတ်ပြုတတ်ကြသည်။ "တစ်လုပ်စားဖူး သူ့ကျေးဇူး"ဟူသည် လူ့နယ်ပယ်မှာ မေးမှိန်ပျောက်ကွယ်စ ပြုလာနေပြီဖြစ်သော်လည်း ခွေးတို့နယ်ပယ်၌ကား အားကောင်းမောင်းသန် ရှင်သန်နေဆဲ ဖြစ်ပါသည်။

သတ္တလောကတွင် လူသည် အသိဉာဏ်အရှိဆုံးဖြစ်သည်။ သို့သော် လောဘ၊ ဒေါသ၊ မောဟ အမိုက်တရားများ ပူးယှဉ်လာချိန် ဆင်ခြင်တုံတရား ကင်းမဲ့သွားတတ်ကြသည်။ ခက်ထန်ကြမ်းကြုတ် ရက်စက်တတ်ကြသည်။ ကျေးဇူးပျက်ယွင်း ဖောက်ပြန်တတ်ကြသည်။ ခွေးဆိုသော သတ္တဝါကား စိတ်ဖောက်ပြန် မူမမှန် ရူးသွပ်နေချိန်မှအပ သခင့်အပေါ် ကျေးဇူးကန်းသည် မရှိပါ။ သို့သော် ခွေးရူးရောဂါမရှိစေရန်၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်ရန် အကန့်အသတ် ဆောင်ရွက်မှုတော့ရှိသင့်သည်။

လေလွင့်ခွေးများနှင့် ပတ်သက်၍ နှလုံးချမ်းမြေ့စရာ သတင်းနှစ်ပုဒ်ကို ဖတ်လိုက်ရသည်။ တစ်ပုဒ်မှာ လမ်းပေါ်မှ ခွေးများကို ကောက်သင်းကောက်စောင့်ရှောက်မွေးမြူကျွေးမွေးပေးထားသော ခွေးဂေဟာနှစ်ခု ပေါ်ပေါက်လာခြင်းကြောင့်ဖြစ်ပြီး မင်္ဂလာဒုံမြို့နယ်တွင် ဒေါ်ရိုဇာထူထောင်ထားသော ခွေးကောင်ရေ ၆၀ ရှိ ရန်ကုန်တိရစ္ဆာန်ရိပ်သာနှင့် ဒေါ်တင်တင်နွဲ့ တည်ထောင်ထားသည့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်မှ ကောင်ရေ ၁၂၅ ကောင်ရှိ ခွေးဂေဟာတို့ဖြစ်ကြသည်။

နောက်သတင်းတစ်ပုဒ်မှာ တိရစ္ဆာန်ဆေးကုဆရာဝန်များ (မန္တလေး) မှ ၁၀ လအတွင်း ခွေးရူးရောဂါကာကွယ်ဆေး ၂၁၄၆ လုံးအခမဲ့ လိုက်လံထိုးနှံပေးခဲ့သောအကြောင်းဖြစ်ပြီး ဘာသာရေးဆိုင်ရာနေရာများ၊ စာသင်ကျောင်းများနှင့် လူမှုရေးအဖွဲ့အစည်းများတွင် မှီခိုနေကြသော ခွေးများ၊ ကြောင်များကို ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကရုဏာရှင်များ၏ စေတနာလုပ်ရပ်များကို လှိုက်လှဲဝမ်းသာ သာဓုခေါ်မိပါသည်။ မွန်မြတ်သော ဤလုပ်ရပ်များ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ဖို့ လိုပါသည်။ လူနှင့် တိရစ္ဆာန်အဖွဲ့အစည်းနှစ်ခုကြား အထူးသဖြင့် လူတွေအပေါ် သစ္စာရှိသော ခွေးသတ္တဝါများအား သတ်ခြင်း၊ ဖြတ်ခြင်း၊ ရက်စက်ခြင်း မရှိသော၊ လူသားဆန်သော ငြိမ်းချမ်းမှုအတိနှင့် ပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာနိုင်စေရန် ဆန္ဒပြုပါသည်။ ။

# VISA ကတ် သုံးစွဲသူ မြန်မာနိုင်ငံ၌ များပြားလာ

တွေ့ဆုံမေးမြန်း
ကိုသက်
(ပိုလ်တထောင်)
ဓာတ်ပုံ
ခင်မောင်ဝင်း
(ကြေးမုံ)

မြန်မာနိုင်ငံတွင် VISA ကတ်ကို တရားဝင်သုံးစွဲနိုင်ခဲ့ပြီး အောင်မြင်စွာ သုံးနိုင်ခြင်းနှင့် ပတ်သက်၍ CB ဘဏ်မှ merchant များအား အသေးစိတ် ရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်၌ မေ ၁၅ ရက်က ပြုလုပ်ခဲ့သည်။ VISA ကတ်နှင့် ပတ်သက်သော အချက်အလက်များကို CB ဘဏ် ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းမြင့်အား တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ယခုပြုလုပ်ရတဲ့ ပွဲရဲ့ အဓိကရည်ရွယ်ချက်ကို ပြောပြပေးပါ။

ဖြေ။ ။အဓိကက VISA ကတ် မြန်မာနိုင်ငံမှာ အောင်မြင်စွာ သုံးစွဲမှုတွင်ကျယ်လာပြီး တစ်ကမ္ဘာလုံး အဆင်ပြေစွာ သုံးစွဲနေခြင်းနဲ့ merchant များ သုံးစွဲနိုင်အောင် အသေးစိတ် ရှင်းလင်းပြသခြင်းဖြစ်ပါတယ်။

မေး။ ။VISA ကတ်ကို မြန်မာနိုင်ငံမှာ ဘယ်ချိန်က စတင်အသုံးပြုခဲ့ပါသလဲ။

ဖြေ။ ။VISA ကတ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က စတင်အသုံးပြုခဲ့ပါတယ်။ MPU ကတ်တွေနဲ့ တစ်ပြိုင်တည်း ပေါ်ပေါက်ခဲ့တာပါ။

မေး။ ။ VISA ကတ်နဲ့ MPU ကတ် နှစ်မျိုးရဲ့ ကွဲလွဲချက်လေးကို ရှင်းပြပေးပါ။

ဖြေ။ ။ နှစ်မျိုးစလုံး ကောင်းမွန်ပါတယ်။ နှစ်မျိုးစလုံးမှာ POS စနစ်တွေပါတယ်။ MPU ကတ်ကတော့ လက်ရှိပြည်တွင်းသုံးစွဲမှုအတွက် မြန်မာငွေသားနဲ့ လုပ်တဲ့စနစ် (ATM)ပေါ့။ ပြည်တွင်းမှာ MPU ကတ် စနစ်ချိတ်ဆက်ထားတဲ့ ဘဏ်တွေရဲ့ ATM စက်တွေမှာ ငွေထုတ်ယူနိုင်တယ်။ ဒါပေမယ့် ငွေသားပေးချေရတယ်။ ပြည်ပကနေလာရောက်ကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ခရီးသွားဧည့်သည်တွေက ငွေသား မကိုင်ချင်ကြဘူး။ VISA ကတ်နဲ့ Master ကတ်တွေကိုင်တာများပြီး ငွေချေချင်ကြတယ်။ VISA ကတ်ကတော့ ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ကျော်မှာ အသုံးပြုနိုင်တဲ့အတွက် အဲ့ဒီကတ် ကိုင်ဆောင်ပြီး လာရောက်တဲ့အခါ မြန်မာနိုင်ငံမှာလည်း VISA ကတ်နဲ့ ငွေပေးချေကြတယ်။ ဒါကြောင့် ယခုလတ်တလောမှာ VISA ကတ်က စီးပွားရေးလုပ်ငန်းမှာ ပိုကောင်းမယ်လို့ဆိုရမှာပဲ။






CB ဘဏ် ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းမြင့် ရှင်းပြစဉ်။

မေး။ ။ CB ဘဏ်အနေနဲ့ ကတ်ထုတ်ဖို့ အစီအစဉ်ရှိပါသလား။ ဒါမှမဟုတ် ပြည်ပကလာတဲ့ VISA ကတ်ကိုသာ ထုတ်ပေးသွားမှာလား။

ဖြေ။ ။ CB ဘဏ်အနေနဲ့ မူလဘဏ်အနေနဲ့ကတော့ ကတ်ထုတ်ဖို့နဲ့ နိုင်ငံပေါင်း ၂၀၀ ကျော်ကလာတဲ့ ကတ်တွေကို ငွေထုတ်ပေးဖို့ နှစ်မျိုးလုံး ပြုလုပ်နိုင်အောင် ခွင့်ပြုချက်ရထားပြီးဖြစ်ပါတယ်။

ယခုလတ်တလော ပြည်ပနိုင်ငံတွေက လာတဲ့ VISA ကတ်တွေကိုသာ ငွေထုတ်ပေးသွားတဲ့စနစ်ကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ မူလဘဏ်အနေနဲ့ ကတ်ထုတ်ပေးဖို့တော့ ဖြစ်လာမှာပါ။

မေး။ ။VISA ကတ် အသုံးပြုနိုင်အောင် ဘယ်လိုလုပ်ဆောင်ထားပါသလဲ။

ဖြေ။ ။VISA ကတ် သုံးနိုင်အောင် ဟိုတယ်၊ လေဆိပ်၊ ကျောက်မျက်ရတနာ အရောင်းပြခန်း၊ ပန်းချီပန်းပု အရောင်းပြခန်းနဲ့ တချို့နေရာတွေမှာ VISA ကတ်ကို စစ်ဆေးတဲ့ POS စက်တွေကို တပ်ဆင်ပေးထားပါတယ်။ အဲဒီစက်တွေက စက္ကန့်ပိုင်းအတွင်း ငွေဘယ်လောက်ရှိတယ်ဆိုတာ အလိုအလျောက်ဖြေကြားပေးပါတယ်။

မေး။ ။မြန်မာနိုင်ငံရဲ့ သုံးစွဲမှုအခြေအနေကို ပြောပြပေးပါဦး။

ဖြေ။ ။စတင်အသုံးပြုခွင့်ရတဲ့အချိန်ကစပြီး တစ်နေ့ထက် တစ်နေ့ သုံးစွဲမှုများပြားလာပါတယ်။ CB ဘဏ်အနေနဲ့ POS စက် ၆၇ လုံး တပ်ဆင်ပြီး အသုံးပြုနေတဲ့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး တပ်ဆင်အသုံးပြုသွားမှာဖြစ်ပါတယ်။ VISA ကတ်ကို CB ဘဏ်၊ KBZ ဘဏ်နဲ့ MOB ဘဏ်တွေမှာ အသုံးပြုနိုင်ပါတယ်။ ။




# လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်

မန္တလေး မေ ၁၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဗ. မ. က အနောက်ရွှေစည်းခုံရပ်ကွက် (၃) လမ်းတွင်မေ ၁၅ ရက်က လျှပ်စစ်ဓာတ်အားများ အပြည့်အဝအသုံးပြုနိုင်ရန် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်ဝင်း၏ ကြီးကြပ်မှုဖြင့် ကွန်ကရစ်ဓာတ်တိုင် ၁၀ တိုင်အစားထိုးအသစ်တပ်ဆင်ခြင်း၊ ယခင်က ကြေးကြိုးလိုင်း နှစ်ကြိုးသာရှိပြီး ယခုကြေးကြိုးလိုင်းလမ်းမီးအပါအဝင် ငါးကြိုးအထိ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို စေတနာထား၍ နှစ်ရက်အားချင်းဆောင်ရွက်ခဲ့သည်။

ရပ်ကွက်အတွင်းရှိ ပြည်သူများက လျှပ်စစ်မီးအားအပြည့်အဝ အသုံးပြုနိုင်ပြီဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ လိုင်းလုပ်သားများအား ကျေးဇူးတင်နေကြသည်။

**(တင်ဦး-ရမည်းသင်း)**






ပြည်တွင်းရေးရာ

# ခေတ်မီနည်းပညာများ၊ စက်မှုလုပ်ငန်းများနှင့် အင်ဂျင်နီယာများ၏စွမ်းအားဖြင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှာဖြစ်

ရန်ကုန် မေ ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များအား ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် တက္ကသိုလ်များနယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါ်အောင်ဆန်းစုကြည်၊ ဦးစိုးသာ၊ သူရဦးအေးမြင့်၊ ဦးဌေးဦး၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးစိုးနိုင်၊ ဒေါက်တာချမ်းငြိမ်း၊ ဦးဌေးမြင့်နှင့် ကော်မတီအတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍ စိုက်ပျိုးရေးကို အခြေခံပြီး အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ခေတ်မီနည်းပညာများ၊ စက်မှုလုပ်ငန်းများနှင့် အင်ဂျင်နီယာများ၏ စွမ်းအားဖြင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း၊ အင်ဂျင်နီယာများ၏ အခန်းကဏ္ဍနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးကြခြင်းအားဖြင့် များစွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ လွှတ်တော်သည် ပြည်သူအတွက်ဖြစ်ရာ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက် လွှတ်တော်က ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ၏ အသံကိုနားထောင်ခြင်းသည် လွှတ်တော်ကျင်းပစဉ်ကာလမှမဟုတ်ဘဲ ပြင်ပ၌လည်း နားထောင်ပြီး လွှတ်တော်၌ အတည်ပြုနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့် အင်ဂျင်နီယာနယ်ပယ်၌ လိုအပ်သည့်အခက်အခဲများရှိပါက တင်ပြဆွေးနွေးနိုင်ကြောင်း၊ ယခုဆွေးနွေးတင်ပြမှုသာ အင်ဂျင်နီယာအခန်းကဏ္ဍ၏ လိုအပ်ချက်များကို တွေ့ရှိမှာဖြစ်ကြောင်း၊ ဥပဒေရေးဆွဲရန်အတွက် ယခုဆွေးနွေးပွဲတွင် ကြိုတင်ညှိနှိုင်းဆွေးနွေးကြခြင်းအားဖြင့် များစွာအကျိုးဖြစ်ထွန်းမည်ဟုမျှော်လင့်ပါကြောင်း၊ သို့ဖြစ်၍ အသင်းဝင်များအနေနှင့် တင်ပြစရာများရှိသည်ကို ပွင့်ပွင့်လင်းလင်းနှင့် တင်ပြကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးညဏ်ထွန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က အသင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုကဲ့သို့ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆွေးနွေးပေးကြသည့်အတွက် အလွန်ကျေးဇူးတင်ကြောင်း၊ မိမိတို့မသိသေးသည့်ကိစ္စရပ်များ သိရှိရသကဲ့သို့ မှန်နေသည် ထင်သည့်ကိစ္စများသည်လည်း မှားနေသည်များကို သိရှိရပါကြောင်း၊ ဆောင်ရွက်ပြီးစီးခဲ့သော အချို့ကိစ္စရပ်များတွင် အင်္ဂါရပ်များနှင့် မပြည့်စုံသေးပါက ပြည့်စုံအောင်လုပ်ဆောင်ကြရန်လိုကြောင်း၊ တစ်ဖက်က အသစ်များကို တည်ဆောက်နေချိန်တွင် အခြားတစ်ဖက်ကလည်း အဟောင်းများကို မြှင့်တင်ပေးရန်လိုကြောင်း၊ ပြီးခဲ့သည်များကို သင်ခန်းစာယူပြီး အပြစ်သဘောပြောမနေဘဲ အပြုသဘောဖြင့် ပြည့်စုံကောင်းမွန်အောင် လုပ်ဆောင်ကြရန်လိုကြောင်း၊ လိုအပ်နေသော အင်ဂျင်နီယာဆိုင်ရာ ဥပဒေများအတွက် ဆွေးနွေးညှိနှိုင်းကြပြီး ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် လွှတ်တော်ကဆောင်ရွက်ရန်ကိစ္စများ မှတ်သားဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ပြသထားသော ပြခန်းများအား ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

## ဥရောပသမဂ္ဂ SME Bank အကြီးအကဲနှင့် အသင်းချုပ်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌဒေါက်တာမောင်မောင်လေးတို့အား Head of Operations for Asia for the EIB (European Investment Bank), Mr. Franz-Josef Vetter နှင့် Deputy Head of Operations for Asia for EIB, Mr. Ari Tapo တို့သည် မေ ၁၄ ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် EU ၏လက်ရှိမြန်မာနိုင်ငံအပေါ် ဆက်ဆံရေးတိုးမြှင့်ရန်ဆောင်ရွက်နေမှုနှင့် သမိုင်းဝင်ဆောင်ရွက်ချက်များ၊ အနာဂတ်တွင် ဥရောပလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်လာမည့် ကိစ္စ၊ ဥရောပ SME Bank သည် အထူးဘဏ်ဖြစ်ပြီး အီးယူနိုင်ငံများမှ ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီများအတွက် စီမံကိန်းများချမှတ်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ အသင်းချုပ်နှင့် EU အဖွဲ့အစည်းများအကြား EU ရန်ကုန်ရုံးနှင့် ပူးပေါင်း၍ ဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည့်ကိစ္စ၊ SME ဥပဒေပေါ်ထွက်ရေးကို အသင်းချုပ်မှ ပုဂ္ဂလိကကဏ္ဍကိုယ်စား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ အခြားစီးပွားရေးဥပဒေများရေးဆွဲရာတွင် UMFCCI အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့်ကိစ္စ၊ မြန်မာနိုင်ငံရှိ SME Bank မှ SME လုပ်ငန်းရှင်များအတွက် ချေးငွေထုတ်ပေးနေမှု၊ လက်ရှိအတိုးနှုန်း အနေအထားနှင့် အာမခံလုပ်ငန်းများအား ပုဂ္ဂလိကမှ ဆောင်ရွက်ခွင့်ပြုပေးနေသည့် ကိစ္စများ၊ EU Bank နှင့် မြန်မာ့ SME Bank တို့ ချိတ်ဆက်၍ ချေးငွေကိစ္စ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၃ ခုနှစ် (၃၈) ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် စစ်တုရင်အားကစားသမားများ သတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က နှုတ်ခွန်းဆက်စကား ပြောကြားကာ ပထမဦးဆုံး ကစားကွက်အား ရွှေ့၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲသို့ ဝန်ကြီးဌာနပေါင်းစုံ ၂၈ သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကို မေ ၁၆ ရက်မှ ၂၄ ရက်အထိ ယင်းအားကစားပြိုင်ပွဲရုံ၌ နေ့စဉ် မွန်းလွဲ ၁ နာရီခွဲမှ စတင်၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**




# ခေတ်မီဆန်းသစ်သောဒုံးကျည်များ ရုရှားက ဆီးရီးယားသို့ တင်ပို့ဟုဆို



ရုရှားနိုင်ငံမှ ဆီးရီးယားသို့ ခေတ်မီဒုံးလက်နက်များ တင်ပို့ရာတွင် ပါဝင်သည့် သင်္ဘောဖျက် ဒုံးကျည်အမျိုးအစားတစ်ခုကို တွေ့ရစဉ်။

**ဝါရှင်တန်　မေ　၁၇**

ခေတ်မီဆန်းသစ်သော သင်္ဘောဖျက်ဒုံးကျည်များကို ဆီးရီးယားသို့ ရုရှားနိုင်ငံက ပေးပို့နေသည်ဟု ယနေ့ အမေရိကန်သတင်းမီဒီယာများတွင် ဖော်ပြသည်။

အမည်နာမ ဖော်ပြခြင်းမရှိသော အမေရိကန်တာဝန်ရှိသူ၏ ပြောကြားချက်ကို နယူးယောက်တိုင်းသတင်းစာမှ ကောက်နုတ်ဖော်ပြရာတွင် ယင်းဒုံးကျည်များကို အနာဂတ်တွင် ဖြစ်ပေါ်လာမည့် မည်သည့်စစ်ရေးအရ ကျူးကျော်မှုများကိုမဆို ဆီးရီးယားနိုင်ငံက အသုံးပြုသွားဖွယ်ရှိသည်ဟု ဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အတည်မပြုသော်လည်း ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံအား ထောက်ပံ့မှုကိစ္စများ၌ နိုင်ငံတကာက ချမှတ်ထားသော ဥပဒေများကို ချိုးဖောက်ခြင်းမရှိဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံအား အဓိကလက်နက်ထောက်ပံ့နေသော မဟာမိတ်နိုင်ငံအနည်းငယ်ထဲတွင် ပါဝင်ပြီး လွန်ခဲ့သောနှစ်များအတွင်းက ဒေါ်လာဘီလီယံနှင့်ချီတန်ဖိုးရှိသော လက်နက်ထောက်ပံ့ရေးဆိုင်ရာ စာချုပ်များ ချုပ်ဆိုခဲ့သည်။ ၎င်းနိုင်ငံမှ ဆီးရီးယားနိုင်ငံထံ ထောင်နှင့်ချီသော တင့်ကားများ၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ လေယာဉ်နှင့် ရဟတ်ယာဉ်များ ရောင်းချရန် သဘောတူညီခဲ့ပြီးဖြစ်သည်။

နယူးယောက်တိုင်း သတင်းစာ ဖော်ပြချက်အရ မကြာသေးမီကာလက ရုရှားနိုင်ငံမှ ဆီးရီးယားနိုင်ငံသို့ အလျား ၆ ဒသမ ၇ မီတာ (၂၂ ပေ) အရွယ် အစားရှိ အကွာအဝေး ၂၉၀ ကီလိုမီတာ (မိုင် ၁၈၀) အထိ ပစ်လွှတ်နိုင်သည့် ပေါက်ကွဲမှုအင်အားမြင့် ထိပ်ဖူးများ သယ်ဆောင်နိုင်သော ဒုံးကျည်များ တင်ပို့ခဲ့သည်ဟု ဆိုသည်။ **အေပီ။**

## ဆိုင်းနိုင်းတွင် အီဂျစ်လုံခြုံရေးအဖွဲ့ဝင်များ ပြန်ပေးဆွဲခံရ

**အဲလ်အာရစ်　မေ　၁၇**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦးကို အမည်မသိ ပြန်ပေးသမားများက ဖမ်းဆီးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု မေ ၁၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် စစ်သည် လေးဦးတို့သည် အဲလ်အာရစ်မြို့၏ အရှေ့ဘက် ဆိုင်းနိုင်းမြောက်ပိုင်း၌ ဘတ်စ်ကားငယ်တစ်စီးဖြင့် ခရီးသွားနေစဉ် အဖမ်းခံရခြင်းဖြစ်သည်။

ပြန်ပေးဆွဲသူများက ထောင်ကျနေသည့် ၎င်းတို့၏ ဆွေမျိုးများကို ပြန်လွှတ်ပေးရန် တောင်းဆိုမည်ဟု ပြောသည်။

ဒေသတွင်း ဘီဒိုအင်းမျိုးနွယ်စု အကြီးအကဲများအား ညှိနှိုင်းပေးပါရန် တောင်းဆိုထားသည်ဟု သတင်းများက ဆိုသည်။

အီဂျစ်သမ္မတ မိုဟာမက်မော်စီက ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးများအား နောက်ဆုံးဖြစ်ပေါ်နေသော အခြေအနေကို ၎င်းအား အစီရင်ခံရန် ဆင့်ခေါ်ထားသည်။ ၂၀၁၁ခုနှစ် သမ္မတဟောင်း ဟော့စ်နီမူဘာရက် ဖယ်ရှားခံရပြီးနောက် ဆိုင်းနိုင်းဒေသသည် ပိုမို၍ ဥပဒေမဲ့ဖြစ်လာခဲ့သည်။ **ဘီဘီစီ။**

## ဖမ်းဆီးခြင်းခံထားရသူငါးဦးကို ယီမင်တွင် ပြန်လည်လွှတ်ပေး

**ဆာနား　မေ　၁၇**

ယီမင်နိုင်ငံတောင်ပိုင်းတွင် လက်နက်ကိုင်မျိုးနွယ်စု၏ ဖမ်းဆီးခြင်းခံခဲ့ရသော အီဂျစ်နိုင်ငံသား အင်ဂျင်နီယာနှစ်ဦးနှင့် နိုင်ငံတကာကြက်ခြေနီတပ်ဖွဲ့ဝင် သုံးဦးကို ပြန်လည်လွှတ်ပေးလိုက်ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက မေ ၁၇ရက်တွင် ပြောကြားသည်။

အထက်ပါ လူငါးဦးကို လက်နက်ကိုင်မျိုးနွယ်စုများက အက်ဘ်ယန်ပြည်နယ်တွင် မေ ၇ရက်နှင့် ၁၃ရက်က အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား မေ ၁၆ရက်က ပြန်လည်လွှတ်ပေးလိုက်ကြောင်း အမည်မဖော်လိုသူ ယီမင်လုံခြုံရေးတပ်ဖွဲ့ဝင်၏ ပြောကြားချက်ကို ကြေညာချက်ထုတ်ပြန်သည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်သုံးဦးမှာ ဆွစ်ဇာလန်၊ကင်ညာနှင့် ယီမင်နိုင်ငံမှဖြစ်ကြောင်း၊ အီဂျစ်အင်ဂျင်နီယာနှစ်ဦးမှာ ဒေသတွင်းရှိ ဘိလပ်မြေစက်ရုံတွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

၎င်းတို့ငါးဦးအား မည်သို့မည်ပုံ လွှတ်ပေးလိုက်သည်ကိုမူ ကြေညာချက်တွင် အသေးစိတ်ဖော်ပြထားခြင်း မရှိပေ။

ယီမင်ရှိ အယ်လ်ခိုင်ဒါများ၏လက်တွင်း၌ တစ်နှစ်ကြာ ဖမ်းဆီးထားခြင်းခံရသော ဆွစ်အမျိုးသမီးတစ်ဦးကိုလည်း ဖေဖော်ဝါရီ ၂၇ ရက်က ပြန်လည်လွှတ်ပေးခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**





အာဖဂန်နစ္စတန်နိုင်ငံတွင် ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးမှုကို တွေ့ရစဉ်။

## ပိုလီယိုရောဂါတိုက်ဖျက်ရေးအစီအစဉ် တာလီဘန်အဖွဲ့က အားပေးမည်ဟုဆို

**ကဘူး　မေ　၁၇**

အာဖဂန်နစ္စတန်နိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသော ပိုလီယိုရောဂါတိုက်ဖျက်ရေး အစီအစဉ် အောင်မြင်မှုရရှိစေရန် မိမိတို့ အားပေးကူညီသွားမည်ဖြစ်ကြောင်း တာလီဘန်အဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ပိုလီယိုရောဂါ တိုက်ဖျက်ရေးအစီအစဉ်အရ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသည့် ကျန်းမာရေးလုပ်သားများကို ရန်မူတိုက်ခိုက်မည်မဟုတ်တော့ကြောင်း တာလီဘန်အဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

နိုင်ငံတကာ ဆေးသိပ္ပံလေ့လာတွေ့ရှိချက်များအရ ပိုလီယိုရောဂါကို ကြိုတင်ကာကွယ်ရေးအစီအစဉ်များမှ တစ်ဆင့် ရှောင်လွှဲနိုင်သည်ဟု မိမိတို့ သိရှိရကြောင်း၊ မိမိတို့နိုင်ငံရှိ ဆင်းရဲသားပြည်သူများ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသည့်အစီအစဉ်ကို မိမိတို့ ထောက်ခံကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ပိုလီယိုအစီအစဉ်ကို ထောက်ခံသော်လည်း မိမိတို့၏ ယဉ်ကျေးမှုထုံးတမ်း အစဉ်အလာများကို ထိန်းသိမ်းကာ ယင်းအစီအစဉ်ကို အကောင်အထည်ဖော်သင့်ကြောင်း၊ နိုင်ငံခြားသား ကျန်းမာရေးလုပ်သားများ လာရောက်မှုကို ခွင့်ပြုမည်မဟုတ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် ပါကစ္စတန်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့ နည်းတူ ပိုလီယိုရောဂါဘေးအန္တရာယ်ကို ရင်ဆိုင် နေရဆဲဖြစ်သည်။ **ရိုက်တာ။**

## ဘိုလီးဗီးယား၌ ဆင်းရဲမွဲတေမှုနှုန်း ၂၀ ရာခိုင်နှုန်း လျော့ကျ

**ကဟက်ဂ်　မေ　၁၇**

ဘိုလီးဗီးယားနိုင်ငံ၏ ဆင်းရဲမွဲတေမှုနှုန်းသည် နိုင်ငံလူဦးရေ စုစုပေါင်း အနက် ၂၀ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ပင်စင်တိုးမြှင့်ခဲ့သည့် အစီအစဉ်ကြောင့် ပြည်သူများ ပိုမိုအဆင်ပြေလာခြင်းဖြစ်ကြောင်း ဘိုလီးဗီးယား အစိုးရက မေ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၁ဒသမ၂၅ ဝင်ငွေမရှိသူသည် ဆင်းရဲမှု အခြေအနေရှိကြောင်း၊ တောင်အမေရိကတိုက်၏ အဆင်းရဲဆုံးနိုင်ငံဖြစ်သော ဘိုလီးဗီးယား၌ အဆိုပါ ဆင်းရဲမွဲတေမှုနှုန်းကို ၂၀၁၅ ခုနှစ်မတိုင်မီ အမြစ်ပြတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လူစ်အာဆေကာတာကိုရာက ပြောကြားသည်။

မျက်မှောက်ဆင်းရဲမွဲတေမှုနှုန်းသည် ၂၀၀၅ခုနှစ်စာရင်းထက် ထက်ဝက်မျှ လျော့ကျပြီး ၃၈ဒသမ၂ ရာခိုင်နှုန်းသာ ရှိသည်ဟု သိရှိရသည်။

ဂုဏ်သိက္ခာရှိသော ဝင်ငွေအမည်ဖြင့် စီမံချက်ချ ဆောင်ရွက်ခဲ့သဖြင့် မကြာသေးမီနှစ်များအတွင်းက ပြည်သူတို့၏ လူနေမှုဘဝ တိုးတက်လာရခြင်း ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မတိုင်မီ စီမံချက်ကြောင့် လူဦးရေ တစ်သန်းထက်မနည်း ဆင်းရဲတွင်းမှ လွတ်မြောက်လာနိုင်မည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထိုစီမံချက်ကို ကျေးလက်ဒေသတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စီမံချက်ကို အကောင်အထည်ဖော်ရာတွင် ပထမငါးနှစ်တာကာလတွင်ကျေးလက်ဒေသ၌ ဆင်းရဲမွဲတေမှုနှုန်း ၄၀ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း ကာတာကိုရာက ပြောဆိုခဲ့သည်။ **ဆင်ဟွာ။**







ပြည်တွင်းရေးရာ

# ကျွမ်းကျင်မှုရှိသည့် အရည်အသွေးမီလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်

**နေပြည်တော် မေ ၁၇**

ယနေ့နံနက် ၉ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ Trade Trading Institute ကုန်သွယ်မှုသင်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအဆင့်မြင့်သင်တန်း အမှတ်စဉ်(၂)နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၃) ဖွင့်ပွဲအခမ်းအနား ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယခုအချိန်သည် မြန်မာနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အချိန်အခါ အရရော အခြေအနေအရပါ အခွင့်အလမ်းများ ပေါ်ထွက်နေပြီ ဖြစ်ပါကြောင်း၊ ထွက်ပေါ်လာသော အခွင့်အလမ်းကောင်းများကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံသည် မကြာမီအချိန်အတွင်း လျင်မြန်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ကဏ္ဍတိုင်းတွင် အထူးလိုအပ်နေသည်မှာ "ကျွမ်းကျင်မှုရှိသည့် အရည်အသွေးမီ လူ့စွမ်းအား အရင်းအမြစ်များ" အမြန်ဆုံးမွေးထုတ်ရန် ဖြစ်ကြောင်း၊ ယခုအခါ ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ကို ရှုမျှော်သော စီးပွားရေးမူဝါဒများ ကျင့်သုံးနေသည့်အတွက် ကုန်သွယ်မှုကဏ္ဍသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်ကဏ္ဍဖြစ်ပြီး ကုန်သွယ်မှုလုပ်ဆောင်မည့် လုပ်ငန်းရှင်များနှင့် လူငယ်များအကြား ကုန်သွယ်မှုနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးနှင့် ပတ်သက်သော အသိပညာများတိုးတက်ပြန့်ပွားရန် TTI ကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းသားများအနေနှင့် တတ်မြောက်ထားသည့် ကုန်သွယ်ရေးဆိုင်ရာ ဗဟုသုတများကို လက်ဆင့်ကမ်းဖြန့်ဝေရန် လိုအပ်သကဲ့သို့ သင်တန်းပို့ချချက်များကို လက်တွေ့အသုံးချပြီး ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးမှုမှတစ်ဆင့် လုပ်ငန်းများတိုးတက်ရေး၊ ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်နှင့် နိုင်ငံအကျိုး၊ ကုမ္ပဏီအကျိုးရှိအောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအဆင့်မြင့်သင်တန်း အမှတ်စဉ်(၂)သို့ သင်တန်းသား ၂၅ ဦးနှင့် အခြေခံသင်တန်း အမှတ်စဉ်(၃)သို့ သင်တန်းသား ၈၈ ဦး တက်ရောက်ကြပြီး သင်တန်းမှာ လေးလဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၇**

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | (၇၀၃၆၀၀ - ၇၀၄၆၀၀) | |
| မန္တလေး ရွှေဈေး | (၇၀၃၆၀၀ - ၇၀၄၆၀၀) | |
| **စက်သုံးဆီဈေးနှုန်း** | | |
| (က) ဒီဇယ် | တစ်ဂါလန် | ၃၄၄၀ ကျပ် |
| (ခ) အောက်တိန်း95 | တစ်ဂါလန် | ၄၂၈၀ ကျပ် |
| (ဂ) အောက်တိန်း92 | တစ်ဂါလန် | ၃၄၄၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်ဂါလန် | ၃၂၅၆ ကျပ် |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | |
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၂၉. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၁၉၇. ၁ |
| (ဂ) စင်ကာပူ | တစ်ဒေါ်လာ | = ၇၄၂. ၂၂ |
| (ဃ) တရုတ် | တစ်ယွမ် | = ၁၅၁. ၀၈ |
| (င) ထိုင်း | တစ်ဘတ် | = ၃၁. ၂၃၂ |
| (စ) မလေးရှား | တစ်ရင်းဂစ် | = ၃၀၈. ၇၉ |
| (ဆ) အိန္ဒိယ | တစ်ရူပီး | = ၁၆. ၉၅၇ |
| (ဇ) ဂျပန် | တစ်ရာယန်း | = ၉၀၈. ၇၈ |
| (ဈ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၈၃. ၁၁၄ |
| (ည) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၂. ၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၈-၅-၂၀၁၃ (စနေနေ့)**

၅:၄၀ "အပါယ်နှုတ်ခမ်းလွတ်လမ်းကိုရှာ" တရားတော်(ဆရာတော် ဘဒ္ဒန္တသောဘန)

၁၁:၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း

၁၂:၀၅ Big Joke Show (အေးသီတာ)

၅:၃၀ Fashion Week (Linn Linn) (Part -3)

၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း -၆၅)

၈:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း - ၁၀၉)

## Spain Laliga ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၀:၃၀ | Getafe - Valencia | (Star Sports) (MRTV-4) |
| **နံနက်ပိုင်း** | **ပွဲစဉ်** | **ပြသမည့်လိုင်း** |
| ၁၂:၃၀ | Granada - Osasuna | (Star Sports) |
| ၂:၃၀ | Sevilla - Real Sociedad | (Star Sports) |

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

# မုန်တိုင်းဘေးအန္တရာယ်ကာကွယ်ရေးအတွက် ယာယီရွှေ့ပြောင်းထားသည့် ပြည်သူများအား နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေး

**နေပြည်တော် မေ ၁၇**

ရခိုင်ပြည်နယ်အတွင်း မဟာစင်မုန်တိုင်းအန္တရာယ်ကင်းရှင်းသွားပြီ ဖြစ်သဖြင့် ကျောက်ဖြူမြို့ ပြင်ဖြူမော်ကျေးရွာ၊ ကညင်တောကျေးရွာ၊ ဆားပြင်ကွင်းကျေးရွာများမှ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်သည့်အနေဖြင့် ယာယီရွှေ့ပြောင်းထားခဲ့သော ပြည်သူများအား မေ ၁၆ ရက် ညနေ ၆ နာရီတွင် ၎င်းတို့၏ နေရပ်အသီးသီးသို့ တပ်မတော်သားများက တပ်ပိုင်မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့သည်။**(အောက်ပုံ)**

အလားတူ မေ ၁၇ ရက်တွင် စစ်တွေမြို့ အာဂျိပ်တော်ကုန်းရှိ မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်း၌ ယာယီရွှေ့ပြောင်းထားသော ပလ္လင်ပြင်ကျေးရွာမှ သံဃာငါးပါး၊ အိမ်ထောင်စု ၉၆ စု၊ လူဦးရေ ၃၈၈ ဦးအား ၎င်းတို့နေထိုင်ရာ ပလ္လင်ပြင်ကျေးရွာသို့လည်းကောင်း၊ စစ်တွေမြို့ ကုန်တန်းရပ်ကွက် ဓမ္မရာမဘုန်းတော်ကြီးကျောင်း၌ ယာယီရွှေ့ပြောင်းထားသော အောင်ဒိုင်ကျေးရွာမှ မိသားစု ၆၂ စု၊ လူဦးရေ ၄၄၅ ဦးအား ၎င်းတို့နေထိုင်ရာ အောင်ဒိုင်ကျေးရွာသို့လည်းကောင်း၊ စစ်တွေမြို့ နယ်မြေခံတပ်အတွင်း ယာယီရွှေ့ပြောင်းထားရှိသော အုန်းတောလေး ကယ်ဆယ်ရေးစခန်းမှ မိသားစု ၁၅ စု၊ လူဦးရေ ၅၇ ဦးတို့အား ၎င်းတို့နေထိုင်ရာ မူလဒုက္ခသည်စခန်းသို့လည်းကောင်း၊ မောင်တောမြို့နယ် ကညင်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ယာယီရွှေ့ပြောင်းထားသော လူဦးရေ ၁၅၂ ဦးနှင့် လေးမိုင် အခြေခံပညာ အလယ်တန်းကျောင်းတွင် ယာယီရွှေ့ပြောင်းထားသော လူဦးရေ ၂၆၃ ဦးတို့အား ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း တပ်မတော်သားများက တပ်ပိုင်မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ဇေယျာရွှေမြေနှင့် Singtech တို့ စပွန်ဆာစာချုပ် လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၁၇**

မြန်မာနေရှင်နယ်လိဂ် ဇေယျာရွှေမြေအက်ဖ်စီဘောလုံးအသင်းနှင့် စင်ကာပူနိုင်ငံအခြေစိုက် Singtech IT & Communication Pte.,Ltd. တို့စပွန်ဆာရှစ် သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

ဇေယျာရွှေမြေ အသင်းပိုင်ရှင် ဦးသူရိန်၊ ကောင်းထက်မြန်မာကုမ္ပဏီ အုပ်စုဥက္ကဋ္ဌ ဦးကြည်စိုး၊ စီအီးအို ဦးမင်းဗညားစန်း၊စင်ကာပူ Singtech မှ မစ္စတာအန်ဒီ ၊ မစ္စတာသောမတ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ မီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီးနောက် ဇေယျာရွှေမြေအသင်းပိုင်ရှင် ဦးသူရိန်က အမှာစကားပြောကြားပြီး စင်ကာပူကုမ္ပဏီမှ အထွေထွေမန်နေဂျာ မစ္စတာအန်ဒီက စပွန်ဆာပေးရခြင်း အကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ဇေယျာရွှေမြေအက်ဖ်စီ အထွေထွေအတွင်းရေးမှူး ဦးသန်းဇော်နှင့် Singtech အထွေထွေမန်နေဂျာ မစ္စတာအန်ဒီတို့က လက်မှတ်ရေးထိုးစာချုပ် လဲလှယ်ကြသည်။ ထို့နောက် ဇေယျာရွှေမြေ အသင်းပိုင်ရှင် ဦးသူရိန်က မစ္စတာအန်ဒီသို့ အသင်းအမှတ်တရ ဂျာစီကို ပေးအပ်သည်။ **(အပေါ်ပုံ)**

Singtech မှာ စင်ကာပူနိုင်ငံမှဖြစ်ပြီး လက်ပ်တော့ကွန်ပျူတာများ၊ စမတ်ဖုန်းများ၊ GSM, CDMA ဟန်းဆက်များ ထုတ်လုပ်ရောင်းချပြီး အထူးသဖြင့် အာဆီယံနိုင်ငံများတွင် ဈေးကွက်ဝေစု ကောင်းစွာရရှိထားသည်။ မြန်မာဖြန့်ချိရေး ကိုယ်စားလှယ်အဖြစ် ဆိုက်ဘာစီးတီးကုမ္ပဏီမှ ဖြန့်ချိခွင့်ရထားပြီး ၎င်းမှာ ကောင်းထက်မြန်မာအုပ်စု၏ လက်အောက်ခံ လုပ်ငန်းခွဲ တစ်ခုဖြစ်သည်။ **(ဇော်မင်းအောင်)**

# ကသာမြို့နယ် မယ်ဇလီကျေးရွာ ပညာသူရိန်ကျောင်းဆောင်သစ် ပေးအပ်

**ကသာ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် မယ်ဇလီကျေးရွာ အမှတ် (၂၉) အခြေခံပညာမူလတန်း ပညာသူရိန် ကျောင်းဆောင်သစ် ပေးအပ်ပွဲကို မေ ၆ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်း၊ ခရိုင်ပညာရေးမှူး ဒေါ်လှလှမြင့်၊ ကျောင်းအကျိုးတော်ဆောင် ဦးတင်ထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် အားကစားယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က အမှာစကားပြောကြားပြီး ကျောင်းသို့ ၂၁ လက်မတီဗွီတစ်လုံးနှင့် ကျောင်းခြံစည်းရိုးကာရံရေးအတွက် ငွေကျပ် ၅၀၀၀၀၀ ကို ပေးအပ်ခဲ့သည်။ ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင် ဦးတင်ထွန်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ စာရွက်စာတမ်းများကို ခရိုင်ပညာရေးမှူး ဒေါ်လှလှမြင့်ထံ ပေးအပ်သည်။

ယနေ့ဖွင့်လှစ်ခဲ့သော ကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိပြီး အုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ကာ နိုင်ငံတော်မှ ပံ့ပိုးငွေ သိန်း ၁၀၀၊ ပြည်သူများနှင့် အလှူရှင်များမှ လှူဒါန်းငွေကျပ် ၁၇၄ သိန်း စုစုပေါင်းငွေကျပ် သိန်း ၂၇၄ ကျပ် အကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**




## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်(၄)ထပ်စာသင်ဆောင်(၁၂၈×၈၀) တတိယထပ်ဆောက်လုပ်ခြင်းအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| ၁။ ဘိလပ်မြေ | - ၉၈ တန် |
| ၂။ အခြားသား | - ၅၈. ၅ တန် |
| ၃။ ကြွေပြား | - ၈၀၁၃ စတုရန်းပေ |
| ၄။ အမိုးပြား | - ၅၂၀၆ ပေ |
| ၅။ အလူမီနီယံ (တံခါး၊ ပြတင်း) ပစ္စည်းများ | - ၃၉၆၈ စတုရန်းပေ |
| ၆။ Smart Board | - ၈၇၅၁ စတုရန်းပေ |
| ၇။ C.Channel နှင့် H-Section | - ၁၁. ၂၆ တန် |
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၀၁၃ ခုနှစ်၊ မေလ ၂၀ရက် |
| တင်ဒါပိတ်မည့်ရက် | - ၂၀၁၃ခုနှစ်၊ မေလ ၂၈ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၆း၀၀နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)၊ အမှတ်(၁၄)၊ သံသုမာလမ်းနှင့်သေနတ်ပစ်ကွင်းလမ်းထောင့်၊ တောင်ဥက္ကလာပမြို့ ဖုန်း-၀၁-၅၆၄၄၀၇၊ ၀၁-၅၆၄၄၀၈



# လေဆိပ်လူထုဆက်သွယ်ရေးဆောင်ရွက်သူများ (သို့မဟုတ်) အောင်သွယ်တော်များ

## ကွမ်းနဝါ

ပို့ဆောင်ရေးဝန်ကြီးဌာန၏ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၃ ခုနှစ် ဧပြီလ ၈ ရက်နေ့ ရက်စွဲဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်လျက် ဤဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စီမံ)အား အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ကာ အဖွဲ့ဝင်များအဖြစ် ရန်ကုန်နှင့် မန္တလေးအပြည်ပြည် ဆိုင်ရာလေဆိပ်တို့မှ အထွေထွေမန်နေဂျာများ၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့ရှိ Pioneer Aerodrome Services Co.,Ltd. မှ ဒုတိယအထွေထွေမန်နေဂျာများ၊ အကောက်ခွန်ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး အသင်းမှ ဒုတိယဥက္ကဋ္ဌတို့အား အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းထားသော ဝန်ဆောင်မှုလုပ်ငန်းများအတွက် Working Group အား ဖွဲ့စည်းခဲ့သည်။ ထို Working Group ၏ ရည်ရွယ်ချက်မှာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အောက်ရှိ ရုံး/ဌာနများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် ပြည်တွင်းလေဆိပ်များတွင် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာ၌ မလိုအပ်သော အဆင့်များ လျှော့ချခြင်း၊ အပိုစာရွက်စာတမ်းများနှင့် အပိုငွေကြေး ကုန်ကျမှုများ လျှော့ချခြင်းနှင့် လုပ်ငန်းတစ်ခုချင်း ပြီးမြောက်ရန် ကြာမြင့်ရသည့်အချိန်များ လျှော့ချနိုင်ရေး အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းတာဝန်များ အဖြစ် (၁)လေကြောင်းဖြင့် ခရီးသွားပြည်သူများအား အချိန်/ ငွေကြေးကုန်ကျမှုနှင့် အခက်အခဲအနည်းဆုံးဖြင့် သက်သောင့်သက်သာစွာ ခရီးသွားလာနိုင်မည့် အခြေ အနေရောက်ရှိအောင် ဆောင်ရွက်ရန်၊ (၂) လေဆိပ်များ တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဆက်စပ်ဌာနအဖွဲ့ အစည်းများ၏ လက်ရှိလိုက်နာကျင့်သုံးနေသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအနက် ခေတ်စနစ် နှင့် ကိုက်ညီမှုမရှိသော ပြင်ဆင်သင့်သည့် အချက်များ အား လေ့လာသုံးသပ်၍ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့ သို့ တင်ပြရန်၊ (၃)အပြည်ပြည်ဆိုင်ရာ မြို့ပြ လေကြောင်း အဖွဲ့ချုပ် (ICAO-International Civil Aviation Organization) မှ ထုတ်ပြန်ထားရှိသည့် Annex-9 (Facilitation) နှင့် မကိုက်ညီသော၊ ပြင်ဆင်ရန်သင့်သော အချက်များအား လေ့လာသုံးသပ်၍ တင်ပြရန်၊ (၄) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲ ဖြတ်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက် ရေး၊ လေဆိပ်အသီးသီးသို့ လုပ်ငန်းစဉ်များ ချပြရှင်းလင်း ရန်နှင့် စစ်ဆေးကြပ်မတ်ရန်၊ (၅) လေဆိပ်အသီးသီးတွင် လုပ်ငန်းဆောင်ရွက်နိုင်မည့် Public Relation Section နှင့် Information Counter များဖွဲ့စည်းထားရှိရေးနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်၊ (၆) Public Relation Section များမှ တင်ပြလာသည့် ပြည်သူလူထု အသံများ၊ အခက်အခဲများအား Working Group အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်၍ မရပါက ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြရန်တို့အား သတ်မှတ်ထားသည်။

အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ပြည်တွင်းလေဆိပ် များအနေဖြင့် Public Relation Section အား အဖွဲ့ခေါင်းဆောင်အဖြစ် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အထွေထွေမန်နေဂျာ/လေဆိပ် တာဝန်ခံအရာရှိအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် အဖွဲ့ခေါင်းဆောင်မှ ရွေးချယ်တာဝန်ပေးအပ်သည့် ဤ ဌာနမှ ဒုတိယအထွေထွေမန်နေဂျာ/အရာရှိအားလည်း ကောင်း၊ အဖွဲ့ဝင်များအဖြစ် အကောက်ခွန်ဦးစီးဌာန၊ လူ ဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ကျန်းမာ ရေးဦးစီးဌာန၊ မြန်မာနိုင်ငံလေကြောင်းရဲတပ်ဖွဲ့တို့မှ တာဝန်ခံများဖြင့် ဖွဲ့စည်းရန် ၂၀၁၃ ခုနှစ် ဧပြီလ ၁၁ ရက် နေ့တွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အမိန့်ထုတ်ပြန်ခဲ့သည်။ Public Relation Section ၏ လုပ်ငန်းတာဝန်များအဖြစ် (၁)လေဆိပ်ဆိုင်ရာသတင်း အချက်အလက်များ ဖြန့်ဝေခြင်း၊ ပြည်သူလူထုနှင့် ခရီးသည် များ မေမြန်းစုံစမ်း စစ်ဆေးဖြေကြားခြင်း၊ အခက်အခဲများ ဖြေရှင်းကူညီပေးခြင်းတို့အတွက် Airport Information Counter ဖွင့်လှစ်ထားရှိခြင်း၊ (၂)ပြည်သူလူထုနှင့်ခရီးသည် များမှ ပေးပို့သောစာ၊ အီးမေး(လ်)များနှင့် မေးမြန်းစုံစမ်း ချက်၊ အကြံပြုချက်များအား လက်ခံရယူခြင်း၊ စိစစ်ခြင်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဝန်ဆောင်မှု လုပ်ငန်း(Working Group)သို့ ပေးပို့နိုင်ရန် သတင်း အချက်အလက်များ လက်ခံယူခြင်း၊ (၃) လွယ်ကူရှင်းလင်း သော လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းအဆင့်များဆိုင်ရာ သတင်းအချက်အလက်များအား အများပြည်သူလွယ်လင့် တကူသိရှိနိုင်ရေးအတွက် လမ်းညွှန်ဆိုင်းဘုတ်အမှတ် အသားများ ချိတ်ဆွဲခြင်း၊လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသံလွှင့်ကြေညာခြင်း၊ ရုပ်သံထုတ်လွှင့်ခြင်း၊ ဆက်သွယ် မေးမြန်းနိုင်မည့် Focal Point များဖော်ပြအသိပေးခြင်းတို့ အတွက် လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းအဆင့် သတင်းအချက် အလက်များဖြန့်ဝေခြင်း၊ (၄)ဝန်ဆောင်မှုအရည်အသွေး တိုးတက်ကောင်းမွန်စေရန် လေဆိပ်၏ဝန်ဆောင်မှု အရည် အသွေး အနိမ့်ဆုံးစံသတ်မှတ်ချက်များ သတ်မှတ်ပြဋ္ဌာန်း ခြင်း၊ စံသတ်မှတ်ချက်များ ပြည့်မီခြင်းရှိ၊ မရှိ စစ်တမ်း ကောက်ယူခြင်း၊ အတားအဆီး/အခက်အခဲများအား သုံးသပ်ဖော်ထုတ်ခြင်းနှင့် လျော့ကျစေမည့်နည်းလမ်းများ လေ့လာရှာဖွေခြင်းနှင့် ကျင့်သုံးခြင်း၊ (၅) ခရီးသွားပြည်သူ လူထု အဆင်ပြေချောမွေ့စေရန်နှင့် ဈေးကွက်လိုအပ်ချက် များကို အချိန်မီအချိန်ကိုက် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ရည်မှန်းချက်တာဝန် ပြီးမြောက်စေရေးတို့ကို ချိန်ဆဆောင်ရွက်နိုင်ရန် ညှိနှိုင်း အစည်းအဝေးများ ကျင်းပခြင်းနှင့် ဆုံးဖြတ်အကောင် အထည်ဖော်ခြင်းတို့အတွက် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်း များအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ (၆)လေဆိပ်အဆင့်ဖြင့် မဆုံးဖြတ်နိုင်သော မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်သော လူအင်အား၊ စက်ကိရိယာ၊ နည်းပညာများအား Working Group နှင့် သက်ဆိုင်ရာ အထက်အဖွဲ့အစည်းဌာနများသို့ တင်ပြဆောင်ရွက်ရန် ဖြစ်သည်။ ထို့အပြင် Public Relation Section ၏ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ် အချက် ၂၀ အားလည်း ချမှတ်ထားပေးသည်။ (၁) လေဆိပ်တည်နေရာနှင့် ဖွဲ့စည်း တည်ဆောက်ပုံမြေပုံကြမ်း၊ (၂)ထွက်ခွာခရီးသည် လမ်းကြောင်းပြပုံ၊ (၃)ဆိုက်ရောက်ခရီးသည် လမ်းကြောင်း ပြပုံ၊ (၄)/(၅)/(၆)အကောက်ခွန်ဆိုင်ရာ/လူဝင်မှုကြီးကြပ် ရေးဆိုင်ရာ/ ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအဆင့်သတ်မှတ်ချက်၊ ခရီးသည်တစ်ဦးအပေါ် ကြာမြင့်ချိန်စံသတ်မှတ်ချက်၊ (၇)/(၈) ခရီးသည်မှ Check-In Counter/လုံခြုံရေးစစ်ဆေးဂိတ်တွင် ဆောင်ရွက်ရမည့် အချက်များနှင့် ယူဆောင်လာရမည့် စာရွက်စာတမ်းများ၊ လုံခြုံရေးစစ်ဆေးဂိတ်တွင် ကြာမြင့်ချိန်စံသတ်မှတ်ချက်၊ (၉) အပ်နှံသေတ္တာ၊ အတူသယ်ဆောင်ပစ္စည်းဆိုင်ရာ ကန့်သတ်ချက်နှင့် ဆောင်ရွက်ရမည့် အချက်များ၊ (၁၀) ချောစာပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ (၁၁) ကုန်စည်ပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ လုပ်ငန်း အဆင့်ဆင့်၊ ပြည့်စုံရမည့်စာရွက်စာတမ်းများနှင့် ကြာမြင့် ချိန်စံသတ်မှတ်ချက်၊ (၁၂)အရောင်းဆိုင်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် LAGs ပစ္စည်းများဝယ်ယူသယ် ဆောင်ခြင်း သတ်မှတ်ချက်၊ (၁၃)ယာဉ်ရပ်နားခြင်း၊ ငှားရမ်းခြင်းဆိုင်ရာ သတ်မှတ်ချက်နှင့် ဈေးနှုန်းများ၊ (၁၄) ဘဏ်နှင့် ငွေလဲလှယ်ခြင်းဆိုင်ရာ သတ်မှတ်ချက်နှင့် ဈေးနှုန်းများ၊ (၁၅)လူနာနှင့် မသန်မစွမ်းခရီးသည်များ ဆိုင်ရာ သတ်မှတ်ချက်နှင့် လေဆိပ်အစီအမံ၊ (၁၆) လေ့လာရေးအဖွဲ့များ၊ ဧည့်သည်နှင့် ကြိုဆိုရေးအဖွဲ့များ ဝင်/ထွက်ခွင့်နှင့် သွားလာခွင့်ဆိုင်ရာ သတ်မှတ်ချက် များနှင့် လေဆိပ်အစီအမံ၊ (၁၇)ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် ခရီးသည်အုပ်စုအလိုက် ဆိုက်ရောက်၊ ထွက်ခွာခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊(၁၈) စင်းလုံးငှား လေယာဉ်နှင့် ကိုယ်ပိုင်လေယာဉ်ခရီးစဉ်များဆိုင်ရာ သတ်မှတ်ချက်များ၊ (၁၉)နိုင်ငံတော်အဆင့်နှင့် အထူးဧည့်သည်တော် ခရီးစဉ်များဆိုင်ရာ သတ်မှတ်ချက် များ၊ (၂၀)လေယာဉ်ကုန်တင်၊ ကုန်ချပို့ဆောင်ခြင်းဆိုင်ရာ သတ်မှတ်ချက်နှင့် စံချိန်စံညွှန်းများ စသည်တို့ဖြစ်သည်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် Mandalay International Airport- Airport Public Relation Section အား Arrival Public Area နှင့် Departure Public Area တို့တွင် ဖွဲ့စည်းတည်ဆောက် ထားသော Information Counter တို့၌ ဖွင့်လှစ် ထားပြီးဖြစ်သည်။ e-mail adds မှာ miaairportprs@gmail.com ဖြစ်ပါသည်။ ဤလေဆိပ်ရှိ ခရီးသည်များ၊ ပို့ဆောင်/ကြိုဆိုသူများအတွက် internet လွယ်ကူစွာ အသုံးပြုနိုင်စေရန် Arrival/Departure Public Area နှင့် Passenger Lounge များဖြစ်သော Gate 5 & 6၊ 7၊ 8၊ 9 & 10၊ 11& 12 တို့တွင် WIFI အား Free အသုံးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်သဖြင့် လေဆိပ်များတွင် ဖွဲ့စည်းထားရှိသော Public Relation Section များသည် ပြည်သူလူထု ခရီးသွားများ၏လိုအပ်ချက်အား ဖြည့်စွမ်းပေးနိုင်မည့် သက်ဆိုင်ရာဌာနများသို့ သတင်းအချက်အလက်များ တင်ပြပေးခြင်း၊ သက်ဆိုင်ရာဌာနများမှ လုပ်ထုံးလုပ်နည်း များအား ပြည်သူလူထုခရီးသွားများထံသို့ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူလူထု၊ ခရီးသွားနှင့် ဝန်ဆောင်မှုနှင့်ပတ်သက်သော ဌာနဆိုင်ရာ တို့အကြားတွင် **"လူထုဆက်သွယ်ရေးဆောင်ရွက်သူများ"** ဖြစ်သလို မင်္ဂလာစကားဖြင့် ဆိုရပါမူ **"အောင်သွယ်တော်များ"**ပင် ဖြစ်နေပေတော့သည်။ ။

# ရေလုပ်ငန်းဖွံ့ဖြိုးရေး လုပ်ငန်းကော်မတီရှစ်ခုဖွဲ့စည်းကာ ဆောင်ရွက်မည်

**ရန်ကုန် မေ ၁၇**

ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ငန်းကော်မတီ ရှစ်ခုကို ပဏာမအဖြစ် ဖွဲ့စည်းဆောင် ရွက်သွားမည်ဖြစ် ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ထို့ကြောင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဖွံ့ဖြိုးရေးနှင့် သုတေ သနလုပ်ငန်းကော်မတီ၊ ဈေးကွက်ပိုင်းဆိုင်ရာ လုပ်ငန်း ကော်မတီ၊ ရေထွက်စားကုန် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းကော်မတီ၊ ငါးဖမ်းလုပ်ငန်းများဆိုင်ရာ လုပ်ငန်း ကော်မတီ၊ ငါးပုစွန်အစာထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်း ကော်မတီ၊ ငါးပုစွန်ပြုပြင်ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်း ကော်မတီ စသည်ဖြင့် ပဏာမအားဖြင့် ဖွဲ့စည်းကာ လုပ်ငန်းကော်မတီ တစ်ခုချင်းစီ၏ လုပ်ငန်းများကို ဆွေးနွေး လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

"လုပ်ငန်းကော်မတီ တစ်ခုစီအနေနဲ့ ဘာတွေလုပ်မယ် ဆိုတာ မူကြမ်းဆွဲမယ်၊ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် အောက်က အသင်းအဖွဲ့တွေ ပူးပေါင်းပြီးတော့ ဆွေးနွေး သဘောတူထားတဲ့ လုပ်ငန်းတွေကို ပြည်ထောင်စုဝန်ကြီး ဌာနကနေတစ်ဆင့် နိုင်ငံတော်သမ္မတရုံးကို တင်ပြမှာဖြစ်ပါ တယ်"ဟု ၎င်းက ရှင်းပြသည်။

ထိုလုပ်ငန်းကော်မတီများသည် ပဏာမအားဖြင့် ဖွဲ့စည်းခြင်းဖြစ်သောကြောင့် ငါးအပိုင်း၊ ပုစွန်အပိုင်း တစ်ခု ချင်းစီလိုအပ်လာပါက လုပ်ငန်းတိုးတက်နိုင်မှုအခြေအနေ ပေါ်သုံးသပ်ကာ ဆပ်ကော်မတီအဖြစ် ဖွဲ့စည်းမည်ဖြစ် ကြောင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၄)ကြိမ် မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပစဉ်က ကြေညာ ခဲ့သည့် ရေလုပ်ငန်းဆိုင်ရာ ပညာရှင်အဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်းကော်မတီအဖွဲ့များနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ ပညာရှင်အဖွဲ့တို့ ပူးပေါင်းပေးခြင်းဖြင့် ပိုမိုတိုးတက်မှု များရရှိလာမည်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းကော်မတီအဖွဲ့ များသည် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြခဲ့သည်။

ထိုသို့ ဖွဲ့စည်းစီစဉ်လုပ်ဆောင်ခြင်းမှာ သမ္မတရုံးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်ရုံးခွဲတွင် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသော အသင်းအဖွဲ့များကို မေ ၉ ရက်က ခေါ်ယူဆွေးနွေးခဲ့ပြီး အစည်းအဝေးလမ်းညွှန်ချက်များအရ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး စေရန် လုပ်ငန်းအဖွဲ့ လုပ်ငန်းကော်မတီများကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ဖွဲ့စည်းရန်စီစဉ်လာခဲ့ခြင်းဖြစ် ကြောင်း သိရသည်။ **(၆၈၀)**



**ပဲခူးမြို့ ဥသာမြို့သစ် (၇)ရပ်ကွက် မြေတိုင်း ၃ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ တယပ ဆိုင်ခန်းအနီး၌ ဓာတ်တိုင်နှင့်ဓာတ်ကြိုးများပေါ်တွင် သစ်ကိုင်းသစ်ရွက် များ အုပ်ဆိုင်း၍ မိုးရာသီတွင် အန္တရာယ်နှင့်တွေ့ကြုံနိုင် သည်ကို တွေ့မြင်ရစဉ်။**

(၅၈၈)

FUKU JAPANESE ACADEMY ( Since 2007 )
Native Speaker's Japanese Conversation (Monthly)
Native Speaker's Business Japanese
Basic Japanese (Monthly)
Intermediate & Advanced Japanese Course
Japanese Exam Preparation Course

| | | | Start |
| --- | --- | --- | --- |
| Writing Course (4 months) | Mon,Wed | 9-11 am | 3 June |
| Pre-Inter 4 Skill Course (5 months) | Tue,Thurs | 1-2:30 pm | 4 June |
| Inter 4 Skill Course (5 months) | Tue,Thurs | 3-4:30 pm | 4 June |
| Speaking Course (4 months) | Sat,Sun | 8-9:30 am | 8 June |
| Regular Proficiency Course (10 months) | Sat,Sun | 10-11:30 am | 8 June |

No.A 66-68, 4-D, Insein Road, San Yeik Nyein,Kamayut Township. Ph:09-73060391,09-421118058,09-5183872

ဖတ်စရာ၊ မှတ်စရာ

## ဒူးနှင့်ရင်၊ ရင်နှင့်ဒူး

နွယ်နွယ် (ပညာရေး)

၂၀၁၃ ခုနှစ် ဧပြီ ၂၅ ရက်တွင် ထုတ်ဝေသော ကြေးမုံသတင်းစာတွင် ခင်မောင်ငွေး(ပညာရေး)ရေးသားသော “ဝေဖန်အကြံပြု ဆီးဂိမ်းပွဲတော် အောင်စေမှု”ဟူသော ဆောင်းပါးကို ဖတ်ရှုခဲ့ရပါသည်။ ၎င်းဆောင်းပါး၏ အလယ်လောက်တွင် ဆောင်းပါးရှင်က “ဒူးလောက်တင်မှ ရင်လောက်ကျ ဆိုသကဲ့သို့ ရွှေတံဆိပ်ငါးဆယ်မှန်းထားလျှင် တစ်ရာဟူ၍ မျှော်လင့်ထားခြင်းက စိတ်ဓာတ်စစ်ဆင်ရေးတစ်မျိုးဖြစ်ပါသည်”ဟု ဖော်ပြထားပါသည်။ ၎င်းစာကြောင်းတွင် ဆောင်းပါးရှင်က “ဒူးလောက်တင်မှ ရင်လောက်ကျ” ဟူသော စကားပုံကို သုံးနှုန်းထားပါသဖြင့် စာရေးသူအနေဖြင့် အမှတ်ရမိသော အကြောင်း အရာလေးတစ်ခုကို တင်ပြလိုပါသည်။

ဂျာနယ်တစ်စောင်တွင် မော်ဒယ်လ်အမျိုးသမီးလေးတစ်ဦးကို အင်တာဗျူးရာတွင် ထိုအမျိုးသမီးလေးက “ရင်လောက်တင်မှဒူးလောက်ကျ ဟူသကဲ့သို့ အနုပညာလုပ်ငန်းများကို အားမာန်အပြည့် ကြိုးစားမည်ဖြစ်ကြောင်း”နိဂုံးချုပ် ပြောကြားသည်ကို ဖတ်ရှုခဲ့ရဖူးပါသည်။

စာရေးသူသည် ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပညာရေးတက္ကသိုလ်တွင် ပညာဆည်းပူးခွင့်ရခဲ့သည်။ ထိုအချိန်က စာရေးသူတို့ကို သင်ကြားပို့ချသော မြန်မာစာဆရာကြီး ဆရာမကြီးများသည် ဗဟုသုတအလွန်ပြည့်ဝသော၊ မြန်မာစာကို နှံ့နှံ့စပ်စပ်တတ်ကျွမ်းသော ပညာရှင်များဖြစ်ကြသည်။ ထိုကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများ၏ သင်ကြားပို့ချမှုများကို ယနေ့ထက်တိုင် စာရေးသူ၏ ရင်ထဲဝယ်စွဲမြဲလျက်ရှိသည်။

မြန်မာစာအချိန်တွင် စကားပုံများနှင့် ပတ်သက်၍ ရှင်းလင်းရာတွင် အလွန်မှတ်သားစရာ ကောင်းလှသည်။ ယခုအချိန်ထိ “ဒူးလောက်တင်မှ ရင်လောက်ကျ”စကားပုံကို နားလည်မှုလွဲမှားနေကြသည်။ “ရင်”နှင့် “ဒူး” သည် အမြဲနေရာမှားနေသည်။ ၎င်းစကားပုံကို ဆရာကြီးက ရှင်းလင်းရာတွင် တောထဲ၌အမဲလိုက်ရာတွင် မုဆိုးသည်သားကောင်ကို ပစ်သောအခါ မုဆိုး၏ဒူးခေါင်းပေါ်တွင် လေးကိုတင်၍ ချိန်ရွယ်ပစ်မှသာလျှင် သားကောင်၏ ရင်ဘတ်ကို ထိနိုင်မည်ဖြစ်ကြောင်း မှတ်သားခဲ့ရဖူးပါသည်။

ပညာရေးတက္ကသိုလ်မှ ဘွဲ့ရရှိပြီး လုပ်ငန်းခွင်ဝင်ခဲ့သည်မှာ နှစ်ပေါင်း သုံးဆယ်ကျော်သော်လည်း ဆရာကြီး ဆရာမကြီးများ၏ သင်ကြားပို့ချမှုများသည် စာရေးသူ၏ ရင်ထဲဝယ် ယခုထက်တိုင်စွဲမြဲလျက်ရှိသည်။ စာရေးသူ သင်ကြားရသော တပည့်များကို လေ့လာဆန်းစစ်ကြည့်ရာတွင် ပညာရပ်ကို မှတ်သား၍ ပြန်လည်အသုံးချဖို့ထက် အလွတ်ကျက်မှတ်ခြင်းကို ဦးတည်နေကြောင်း တွေ့ရသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာတွင် စကားပြေ၊ ကဗျာ၊ ရေသည် သင်ခန်းစာများမှ အလင်္ကာများကို သင်ကြားရာတွင် သဘောတရား (Concept) ကို မမှတ်သားဘဲ အလွတ်ကျက်မှတ်ခြင်း (Parrot Learning) ကို အသုံးပြုလျက်ရှိသည်။ နေ့စဉ်သုံးစကားလုံးများထဲမှ အလင်္ကာဆန်သော အသုံးအနှုန်းများကို လေ့လာမှတ်သားခြင်းအားဖြင့် ကျောင်းသင်ခန်းစာ အလင်္ကာများကိုလည်း အလွတ်ကျတ်မှတ်စရာမလိုဘဲ အတိအကျ ရေးနိုင်အောင် လေ့လာသင့်သည်။ ဥပမာအားဖြင့် “ရေမွှေးလေးက မွှေးလိုက်တာ နှာခေါင်းတောင်မှ ပက်လက်လန်တယ်” “ဒီအတန်းထဲမှာ လူတွေများလိုက်တာ မည်းနေတာပဲ” ဟူသော အသုံးအနှုန်းများကို မည်သည့်အလင်္ကာမြောက်ကြောင်းသိလျှင် ကျောင်းသင်ခန်းစာမှ အလင်္ကာများကို ဆက်စပ်တွေးတောခြင်းဖြင့် သိရှိနိုင်ပါလိမ့်မည်။

နိဂုံးချုပ်အနေဖြင့် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းကို ဖန်တီးပေးနိုင်မည့် ပညာရေးစနစ်တစ်ခုပေါ်ထွန်းစေရန် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုတည်ဆောက်ရာတွင် မြန်မာစာ၊ မြန်မာစကားကို ပစ်ပယ်၍မရဘဲ မိခင်ဘာသာစကားတစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။ ။



## ရန်ကုန်ကမ်းနားလမ်း မြေပိုနေရာများ၌ အခမဲ့ယာဉ်ရပ်နားစခန်းဖော်ထုတ်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့ တိုးချဲ့ကမ်းနားလမ်းနှင့် လက်ရှိကမ်းနားလမ်းဟောင်းတို့အကြား မြေပိုနေရာများ၌ အခမဲ့ ယာဉ်ရပ်နား စခန်းများ ဖော်ထုတ်တည်ဆောက်လျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်းအထိ တည်ဆောက်ပြီးစီး၍ ကျန်ရှိသော နေရာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

တိုးချဲ့ကမ်းနားလမ်းသစ်နှင့် လက်ရှိကမ်းနားလမ်းဟောင်းတို့ကြားရှိ မြေပိုနေရာများကို အလုံမြို့နယ် သစ်တောမှတ်တိုင်အနီးမှ ဗိုလ်တထောင်မြို့နယ် ဈေးလမ်းအထိ အခမဲ့ယာဉ်ရပ်နားစခန်းများ ဖော်ထုတ်ခြင်းဖြင့် ကမ်းနားလမ်း ကုန်စည်စီးဆင်းမှုနှင့် ယာဉ်သွားလာမှုမှာ ယခင်ထက် ပိုမိုလျင်မြန်စွာ သွားရောက်နိုင်မည် ဖြစ်သည့်အပြင် ယင်းမြို့နယ်များရှိ ကိုယ်ပိုင်ယာဉ်များနှင့် အခြားသောယာဉ်များ လွယ်ကူအဆင်ပြေစွာ အခမဲ့ရပ်နားနိုင်မည် ဖြစ်သည်။

ယခုအခါ အဆိုပါ အခမဲ့ ယာဉ်ရပ်နားနိုင်မည့်နေရာများကို အချိန်နှင့် တစ်ပြေးညီ ဖော်ထုတ်တည်ဆောက်ခဲ့ရာ အလုံမြို့နယ် ထော်လီကွေ့မှတ်တိုင်အနီး မြေနေရာ၊ ဆူးလေဘုရားလမ်း၊ ပန်းဆိုးတန်းနှင့် ဗိုလ်အောင်ကျော်လမ်းတို့သာ ကျန်ရှိသဖြင့် ယင်းမြေနေရာများတွင် ဆက်လက်ဖော်ထုတ်တည်ဆောက်ပြီး ကွန်ကရစ် ယာဉ်ရပ်နားနေရာနှင့် ကမ်းနားလမ်း မြေနေရာတို့အကြား ကွာခြားမှုများ မရှိစေရန် တစ်ဆက်တစ်စပ်တည်း ဖြစ်စေရေးအတွက် ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းများကို ညပိုင်းတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောသိန်းဝင်း**

## ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ရွှေရတုအခမ်းအနားကျင်းပမည်

**နေပြည်တော် မေ ၁၇**

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) နှစ်(၅၀)ပြည့် ရွှေရတု အခမ်းအနားကို ဇွန်လ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သုတေသီပညာရှင် ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းဟောင်းများ ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**








# ၁၉၄၀ ပြည့်နှစ်က ဝတ္ထုကို ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးမည့် စကားလက်ဂျိုဟန်ဆန်

၁၉၄၀ ပြည့်နှစ်က အမေရိကန်စာရေးဆရာ Truman Capote ရေးသားခဲ့သည့် Summer Crossing အမည်ရှိဝတ္ထုကို ရွှေကမ္ဘာလုံး ဆုအတွက် သုံးကြိမ်တိုင် ဆန်ခါတင်ရွေးချယ်ခြင်းခံခဲ့ရသူ အမေရိကန် သရုပ်ဆောင် စကားလက်ဂျိုဟန်ဆန်က ပထမဆုံးအကြိမ် ဒါရိုက်တာတစ်ဦးအနေဖြင့် မှတ်တမ်းရုပ်ရှင်ကားအဖြစ် ဖန်တီးပုံဖော်ရိုက်ကူးမည်ဖြစ်သည်။

ယင်းဇာတ်ကား၏ ထုတ်လုပ်ရေးလုပ်ငန်းများကို ၂၀၁၄ ခုနှစ် အစောပိုင်းတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး သရုပ်ဆောင် ဂျိုဟန်ဆန် နှင့် စာရေးဆရာCapote တို့မှာ လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက အတူလက်တွဲ အလုပ်လုပ်ကိုင်ခဲ့ဖူးပါကြောင်း၊ Summer Crossing ဝတ္ထုကို မှတ်တမ်းရုပ်ရှင်အဖြစ် ပြောင်းလဲပုံဖော်ရန် သူမ၏ အတွေးထဲတွင် အရင်ကတည်းက စိတ်ကူးရှိခဲ့ပါကြောင်းနှင့် ယင်းဇာတ်ကားအား ဒါရိုက်တာတစ်ဦးအနေဖြင့် အစွမ်းကုန်ကြိုးစားအားထုတ် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ဂျိုဟန်ဆန်က ပြောကြားခဲ့သည်။

# ဇာတ်လမ်းတစ်ခုတည်းဖြင့် အချစ်ဇာတ်လမ်းငါးမျိုး ခံစားနိုင်မည့် KARA ဂီတအဖွဲ့၏ ဒရာမာဇာတ်ကားသစ်

တောင်ကိုရီးယား ကေပေါ့ပ်အဖွဲ့ KARA ၏ Secret Love အမည်ရှိ ဒရာမာဇာတ်ကားကို ယခုနှစ်၏ ဆောင်းဦးရာသီ၌ ဒါရိုက်တာကင်မ်ဂျူက ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Secret Love ဒရာမာဇာတ်ကားတွင် KARA အဖွဲ့မှ အဖွဲ့ဝင်ငါးဦးက ၎င်းတစ်ဦးချင်းစီ၏ မတူညီသော အချစ်ဇာတ်လမ်းငါးမျိုးကို မတူညီသော ဇာတ်လမ်းဇာတ်ရုပ်များဖြင့် ရိုက်ကူးတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ယင်းဒရာမာဇာတ်ကားသည် ဇာတ်ကားတစ်ကားတည်းဖြင့် အချစ်၊ အလွမ်း ရသစုံကြည့်ရှုနိုင်မည့် ဒရာမာဇာတ်ကားတစ်ကားဖြစ်သည့်အပြင် KARA အဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြသည့် နစ်ကိုးနှင့် ကန်ဂျီယောင်တို့အတွက် အဆိုပါဇာတ်ကားသည် ပထမဆုံးသရုပ်ဆောင်ခွင့်ရသည့် ဇာတ်ကားလည်း ဖြစ်သည်။

ထို့ပြင် ယင်းဇာတ်ကားကို တီဗွီရုပ်သံဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်ပြသခြင်းမပြုမီ ထုတ်လုပ်ရေးလုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုဇာတ်ကားကို ရုပ်ရှင်အဖြစ်လည်း ထုတ်လုပ်မည်ဖြစ်ရာ ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့သို့ ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Secret Love ဇာတ်ကားအား ထုတ်လုပ်မည့် MAYS အင်န်တာတိန်းမန့်ကုမ္ပဏီအနေဖြင့် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာ နှင့် သရုပ်ဆောင်များအား ရွေးချယ်ထားပြီးဖြစ်ကြောင်းနှင့် ဇာတ်ကားတစ်ကားတည်းနှင့် အချစ်ဇာတ်လမ်းငါးမျိုးကို ရင်သပ်ရှုမောဖွယ် ကြည့်ရှုနိုင်မည့်ဇာတ်ကားကောင်းတစ်ကားဖြစ်လာရန် ဝိုင်းဝန်းကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ကင်မ်ဂျူသည် လူကြိုက်များသည့် ဇာတ်ကားများဖြစ်သည့် ၂၀၀၉ခုနှစ်က IRIS ဇာတ်ကားနှင့် မင်းသမီး ဆောင်းဟေကျို ပါဝင်သရုပ်ဆောင်ထားပြီး မကြာမီက ထုတ်လွှင့်ပြသခဲ့သည့်သည့် That Winter The Wind Blows ဇာတ်ကားတို့အား ပုံဖော်ရိုက်ကူးခဲ့သည့် နာမည်ကျော်ဒါရိုက်တာတစ်ဦးလည်းဖြစ်သည်။






# Angry Birds ဗီဒီယိုဂိမ်းကို ဆိုနီနှင့် ရိုဗီယိုကုမ္ပဏီမှ သရီးဒီရုပ်ရှင်အဖြစ် ဖန်တီးမည်

ယနေ့ခေတ် ကလေးလူကြီးများအကြား ရေပန်းစားနေသည့် Angry Birds ဗီဒီယိုဂိမ်းကို ဟောလိဝုဒ်၏ ဆိုနီအင်န်တာတိန်းမန့်ကုမ္ပဏီမှ သရီးဒီရုပ်ရှင်အဖြစ် ဖန်တီးကာ နိုင်ငံတကာသို့ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

ယင်းသရီးဒီရုပ်ရှင်အတွက် ရိုဗီယို အင်န်တာတိန်းမန့်မှ ငွေကြေးကဏ္ဍနှင့် ထုတ်လုပ်မှုကဏ္ဍများကို ထောက်ပံ့ပေး သွားမည်ဖြစ်ပြီး ဆိုနီအင်န်တာတိန်းမန့်ကုမ္ပဏီမှ နိုင်ငံတကာသို့ ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖြန့်ချိပြသသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

"ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးရဲ့ အတတ်ပညာပိုင်းဆိုင်ရာနဲ့ အဆုံးအဖြတ်တွေအတွက် အများကြီး ကျေနပ်ပါတယ်။ နောက်ပြီး ကျွန်တော်တို့ရဲ့ ပထမဆုံးသော သရီးဒီရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဈေးကွက်ရှာဖွေရေးနဲ့ ဖြန့်ချိရေးတွေအတွက် မိတ်ဆွေကောင်းရှာတွေ့တယ်လို့ လက်ခံမိပါတယ်"ဟု ရိုဗီယိုအင်န်တာတိန်းမန့်မှ အမှုဆောင်အရာရှိချုပ် Mikael Hed က မေ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ဆိုနီအင်န်တာတိန်းမန့်ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Michael Lynton နှင့် Amy Pascal တွဲဖက်ဥက္ကဋ္ဌဖြစ်သူက ပြောကြားရာတွင် "ဒီမြို့မှာရှိတဲ့ ရုပ်ရှင်စတူဒီယိုတိုင်းက ဗီဒီယိုဂိမ်းကို ကြိုက်နှစ်သက်ကြပြီး အချို့သောသူတို့ရဲ့ လုပ်ငန်းတွေမှာ အသုံးပြုလိုကြပါတယ်။ အခုဆိုရင် ဒီသရီးဒီရုပ်ရှင်ကားကို အောင်မြင်စွာ ထုတ်လုပ်နိုင်ဖို့နဲ့ အနာဂတ်မှာ ကျွန်တော်တို့ ကုမ္ပဏီနှစ်ခု အတူတကွ ပူးပေါင်းပြီး လုပ်ငန်းတွေအများကြီး ဆက်လုပ်သွားနိုင်ဖို့ ရင်ခုန်နေပါတယ်"ဟု အဆိုပါ Angry Birds သရီးဒီရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှုနှင့်စပ်လျဉ်းပြီး ပြောကြားသွားခဲ့သည်။

ဖြိုးစန္ဒာမြင့်
စုစည်းရေးသားသည်

## အသင်းသားစုံညီအထူးအစည်းအဝေးဖိတ်ကြားခြင်း

အကြောင်းအရာ။ ကုန်သည်စက်မှုအသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ(မူကြမ်း)ကို အတည်ပြုရန်ကိစ္စ။

နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ် ပြောင်းလဲလျက်ရှိသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်ပြင်ဆင်ရေးဆွဲပြုစုထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို အသင်းသားများ၏ ဆန္ဒရယူ၍ အတည်ပြုနိုင်ရန်အတွက် ကုန်သည်စက်မှုအသင်းချုပ်၏ အသင်းသား စုံညီအထူးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသားအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၆-၅-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ၁၃း၀၀ နာရီ
ကျင်းပမည့်နေရာ - UMFCCI Office Tower၊ ပထမထပ်ခန်းမ၊ အမှတ်-၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အထက်ပါ အသင်းသားစုံညီ အထူးအစည်းအဝေးဖိတ်စာနှင့် ယင်းအစည်းအဝေးတွင် တင်သွင်းမည့် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း(မူကြမ်း)တို့ကို ကြိုတင်ဖတ်ရှုလေ့လာနိုင်ပါရန် UMFCCI Websiteဖြစ်သော www.umfcci.net တွင် တင်ထားပြီး ဖြစ်ပါသည်။ ထို့အပြင် အဆိုပါ သင်းဖွဲ့စည်းမျဉ်းနှင့်သင်းဖွဲ့မှတ်တမ်း(မူကြမ်း)ကို ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)ရှိ ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးရုံးဌာန ဖုန်း-၂၃၀၁၅၅၆၊ ဝန်ဆောင်မှုဌာန ဖုန်း-၂၃၀၁၅၆၂ နှင့် စီမံရေးရာဌာန ဖုန်း-၂၃၀၁၅၆၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း၍ အသင်းဝင်ကတ်ဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

အဆိုပါ အသင်းသားစုံညီအထူးအစည်းအဝေးတွင် နေရာထိုင်ခင်း အဆင်ပြေချောမွေ့စွာ စီစဉ်နိုင်ရန်အတွက် တက်ရောက်မည့် အသင်းသားများအနေဖြင့် ၂၀၁၃ ခုနှစ်၊ မေလ ၂၂ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ကုန်သည်စက်မှုအသင်းချုပ်ရုံး ဝန်ဆောင်မှုဌာန၊ အသင်းသားဌာနစိတ်တွင် အသင်းဝင်ကတ်ဖြင့် ကြိုတင်စာရင်းပေးသွင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/၅(ပ)၊ မြေကွက်အမှတ်(၃၈+၃၉)၊ ဧရိယာ(၀.၀၆၈)ဧကရှိ ဒေါ်ကြူကြူအေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ အမှတ်(၃၈+၃၉) ဟုခေါ်တွင်သော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်သူ ဒေါ်ကြူကြူအေးထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြဟန် **B.A(Law).,LL.B.,D.B.L.,D.M.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၀၁)
အမှတ်-၅၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

## အများသိစေရန် ထပ်မံကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းနှင့်ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ဆွန်ပက်ကွန်ဒိုမီနီယံအိမ်ရာစီမံကိန်းရှိ COMMERCIAL AREA (၃)လွှာ၊ ဧရိယာ(၁၂၄၇၁.၀၃)စတုရန်းပေအကျယ်ရှိ (၃)ထပ်တိုက် အဆောက်အအုံနှင့်စပ်လျဉ်း၍ ၆-၄-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများတွင် "ကျွန်ုပ်၏အမှုသည် ဦးအောင်မင်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း၊ အာမခံထားခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းမှအစ အခြားနည်းလွှဲပြောင်းခြင်းအလုံးစုံတို့ကို ပြုလုပ်ခြင်းမပြုရန် ကြပ်တည်းစွာ တားမြစ်ပါကြောင်း " အများသိစေရန် ကြော်ငြာခဲ့မှု အပေါ် တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးကျော်မင်း(စဉ်-၃၇၅၅)နှင့် ဦးအောင်နိုင်(စဉ်-၇၈၂၆)တို့က ၂၈-၄-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၃၀-၄-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ဒေါ်တင်မို့မို့လွင်၏ ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာမှု ပြုထားပါသည်။

သို့ပါ၍ ဦးအောင်မင်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ထပ်မံကြေညာအပ်ပါသည်။

၁။ ၆-၄-၂၀၁၃ ရက်ထုတ် သတင်းစာများတွင် ဦးအောင်မင်း၏ ညွှန်ကြားချက်အရ ကြော်ငြာခဲ့သော အများသိစေရန် ကြော်ငြာအား (၇)ရက်အတွင်း ပြည်လည်ရုပ်သိမ်းရန် အကြောင်းမရှိပါ။
၂။ ၆-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများပါ ကြော်ငြာဖော်ပြချက်မှာ လီဆယ်လုပ်ကြံထားခြင်း တစ်စုံတစ်ရာမရှိပါ။ စာချုပ်မှတ်တမ်း အထောက်အထားအရ အမှန်အတိုင်း ကြော်ငြာခြင်းဖြစ်သဖြင့် ပြန်လည်ရုပ်သိမ်းရန် အကြောင်းမရှိပါ။
၃။ ဒေါ်တင်မို့မို့လွင်နှင့် ဦးအောင်မင်းတို့ လက်မှတ်ရေးထိုးချုပ်ဆိုသည့် ၆-၁-၂၀၁၂ ရက်စွဲ စာချုပ်အရ ဒေါ်တင်တင်မို့မို့လွင်က ဦးအောင်မင်းသို့ ငွေကျပ် သိန်း ၂၀၀၀(ကျပ်သိန်းနှစ်ထောင်တိတိ)မှအပ အရောင်းအဝယ်ပြုသည့် တန်ဖိုးကျန်ငွေကို ယနေ့ထိတိုင် ဦးအောင်မင်းသို့ ပေးချေခြင်းမရှိပါကြောင်း ထပ်လောင်းအတည်ပြု ကြေညာပါသည်။
၄။ ၂၈-၄-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၃၀-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာများတွင် ဒေါ်တင်မို့မို့လွင်က အပိုဒ်(၁)ဖြင့် "ပိုင်ရေးပိုင်ခွင့်ရှိ၍ လက်ဝယ်ရရှိထားသူထံမှ ကာလတန်ဖိုးငွေများ အပြေအကျေပေးချေ၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ ၂၀၁၂ ခုနှစ်ကတည်းက စဉ်ဆက်မပြတ် ဝယ်ယူလက်ရောက်ရရှိပြီး ဖြစ်ပါသည်"ဟူသော ကြေညာမှုမှာ ဦးအောင်မင်းထံမှ ဝယ်ယူခြင်းမဟုတ်ကြောင်း ကြေညာချက်ဟု မှတ်ယူပါသည်။
၅။ ယင်းကြေညာချက်မှာ မှန်ကန်မှုမရှိသည့်ပြင် တိကျရေရာမှု မရှိသည်သာမက အတိအလင်း မည်သူ့ထံမှ မည်သည့်ရက်တွင် မည်သည့်သက်သေများရှေ့မှောက်၌ တန်ဖိုးငွေမည်မျှဖြင့် ဝယ်ယူခဲ့ကြောင်း ဖော်ပြကြေညာခြင်းမရှိမှုမှာ မှုမှန်ခြင်းမရှိသည့်အပြင် အများသူငှာတို့က ထင်ယောင်ထင်မှားဖြစ်စေရန် ကြော်ငြာမှုတစ်ခုသာ ဖြစ်ပါသည်။

သို့ပါ၍ ဒေါ်တင်မို့မို့လွင်နှင့် အပေါင်းပါများအပေါ် ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ထပ်မံကြေညာအပ်ပါသည်။

ဦးမြင့်သဏ္ဍာ(စဉ်-၄၅၉၂)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၂၂၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း-၀၁-၃၇၇၂၇၀

## မွေးနေ့ဆုမွန်လွှာ

ခရီးအဆင့်ဆင့်
အသီးအပွင့်တဝေဝေ
အောင်မြေကိုနင်း
အောင်မြင်ခြင်းတွေ---ပိုင်စိုးစေ။
၁၈-၅-၂၀၁၃ ရက်မှာ ကျရောက်တဲ့ ဦးသိန်းထွေး (GM-Hotel Shwe Pyi Taw)ရဲ့
မွေးနေ့ရက်မြတ်မှသည် အောင်မြင်ပျော်ရွှင်သော အနာဂတ်ပေါင်းများစွာကို
ဆရာချစ်သော မိသားစုနှင့်အတူ ရင်ဝယ်ပိုက်ထွေးနိုင်ပါစေ။
တပည့်ဝန်ထမ်းများ၊ **Hotel Shwe Pyi Taw(Nay Pyi Taw)**

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**မောင်ဝဏ္ဏကိုကို B.A(Myanmar)**
**Director, Ko Ko World Trading Co.,Ltd**
နှင့်
**မဆုမြတ်နိုးဟန် B.A(English)**
**Director, Shinn Htet Kyaw Trading and Industry Co.,Ltd.**

တို့၏ ၈-၃-၂၀၁၃ ရက် (သောကြာနေ့)တွင် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်၌ မင်္ဂလာဦးဆွမ်းကျွေးပွဲ၊ ၁၁-၅-၂၀၁၃ရက်(စနေနေ့)တွင်(Traders Hotel Myanmar Ball -room)၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားနှင့် My Garden ၌ ကျင်းပသော မင်္ဂလာညစာစားပွဲတို့အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Ko Ko World Trading Co.,Ltd** ဝန်ထမ်းများနှင့်
**Shinn Htet Kyaw Trading and Industry Co.,Ltd GM, Manager**
နှင့်ဝန်ထမ်းများ

အားကစား



# ကစားသမားဘဝကို နှစ် ၂၀ ဖြတ်သန်းပြီးနောက် ဘောလုံးလောကကို ဒေးဗစ်ဘက်ခမ်း လက်ပြနှုတ်ဆက်

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် ၎င်း၏ကစားသမားဘဝကို နှစ် ၂၀ ကြာ ဖြတ်သန်းခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီကုန်တွင် အနားယူတော့မည်ဖြစ်ကြောင်း မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အသင်းအတွက် ပြိုင်ပွဲပေါင်း ၁၁၅ ပွဲပါဝင်ကစားပေးခဲ့ပြီး မန်ချက်စတာ အခြေစိုက် မန်ယူအသင်းအတွက် ၃၉၄ ပွဲ ကစားကာ ပရီမီယာလိဂ်ဖလားခြောက်ကြိမ်နှင့် ချန်ပီယံလိဂ်ဖလား တစ်ကြိမ်တို့ကို ရရှိအောင်စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းသည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီ အသင်းနှင့် ငါးလသက်တမ်းရှိ စာချုပ်သစ် တစ်ရပ်ချုပ်ဆိုခဲ့သူဖြစ်ပြီး လက်ရှိတွင် ကစားသမားဘဝမှ အနားယူ တော့မည်ဖြစ်ကြောင်း အတိအလင်းကြေညာခဲ့သည်။ဒေးဗစ်ဘက်ခမ်းသည် ပီအက်စ်ဂျီအသင်းအား ကစားသမားဘဝကို ဆက်လက်ဖြတ်သန်းရန် အခွင့်အရေး ပေးခဲ့၍ ကျေးဇူးတင်ရှိခဲ့သော်လည်း လက်ရှိတွင် ၎င်း၏ ကစားသမားဘဝကို ပီအက်စ်ဂျီကစားသမားဘဝနှင့်ပင် နိဂုံးချုပ်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့ သည်။

နိုင်လင်းကြည်



## ဒေးဗစ်ဗီလာအား စပါးအသင်း ခေါ်ယူရန် နီးစပ်မှုရှိနေ

လန်ဒန်အခြေစိုက် ပရီမီယာလိဂ်ကလပ် တော့တင်ဟမ်ဟော့စပါးအသင်းသည် အသက်(၃၂)နှစ်အရွယ်ရှိ ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာအား ပွိုက်ဟတ်လိန်းသို့ ခေါ်ယူရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။

စပါးအသင်းသည် လက်ရှိတွင် တောင်ပံကစားသမား ဂါရတ်ဘေးလ်၏ အနာဂတ်မှာ တည်မြဲမှုမရှိဖြစ်နေခြင်းကြောင့် တိုက်စစ်ပိုင်းအတွက် ကြိုတင်အားဖြည့်ရန် ပြင်ဆင်လျက်ရှိသည့်အပြင် ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာအား အသင်းသို့ အပြီးသတ်ခေါ်ယူရန် နီးစပ်မှုရှိနေကြောင်း သတင်းတွင် ဖော်ပြသည်။

ဒေးဗစ်ဗီလာသည် စပါးအသင်းမန်နေဂျာ အန်ဒရီဗီလာဘိုအာ့စ်နှင့် တိုက်ရိုက်ဆွေးနွေးမှုများပြုလုပ်ထားပြီး သဘောတူညီချက်တစ်ရပ်လည်း ထားရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းနှင့် စပါးအသင်းတို့သည် တိုက်စစ်မှူး ဒေးဗစ်ဗီလာ၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

## ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ် တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆို

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် အမ်စတာဒမ်၌ ဘင်ဖီကာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ယူရိုပါလိဂ်ဖလားကို ရရှိခဲ့ပြီးနောက် ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်ကို တစ်နှစ် သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ပြီဖြစ်သည်။

အသက် (၃၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ၎င်း၏ပရိသတ်များက မိမိအား ချယ်လ်ဆီးအသင်းတွင် ဆက်ရှိနေရန် မျှော်လင့်ထားခဲ့၍ စတမ်းဖို့ဒ်ဘရစ်ချ်နှင့် စာချုပ်သက်တမ်းတိုးရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

"ကျွန်တော် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်ကို ကျွန်တော်ရည်မှန်းထားတဲ့ စာချုပ်သစ်ချုပ်ဆိုရေးအတွက် ကမ်းလှမ်းလာလို့ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ရဲ့ ချယ်လ်ဆီးအသင်းကို ချစ်သလို အသင်းရဲ့ ကစားဖော်များ၊ အထူးသဖြင့် ကျွန်တော့်အတွက် အားတက်ဂုဏ်ယူစရာဖြစ်စေခဲ့သည့် ချယ်လ်ဆီးပရိသတ်ကို အထူးသဖြင့် ကျေးဇူးတင်ရှိကြောင်း" ချယ်လ်ဆီးကွင်းလယ်လူ ဖရန့်လမ်းပတ်က ပြောကြားခဲ့သည်။

လမ်းပတ်သည် ၂၀၀၁ ခုနှစ်က ဝက်စ်ဟမ်းအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၁ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းအတွက် လက်ရှိတွင် ၆၀၇ ပွဲကစားကာ ၂၀၃ ဂိုး သွင်းယူပေးခဲ့ပြီဖြစ်သည်။



**ပိုလ်သင်တန်းအမှတ်စဉ်(၇၃)၊ သီဟတပ်ခွဲ သူငယ်ချင်းများအား ဖိတ်ကြားခြင်း**

ချစ်သူငယ်ချင်းတို့-

ကျောင်းဆင်းသက်တမ်း (၂၆)နှစ် အမှတ်တရအဖြစ် ဒီနှစ်မှာ တို့တွေ အလှူဒါနပြုလုပ်ခြင်းနှင့် ညစာစားပွဲတို့ကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ပါမယ်။ သူငယ်ချင်းများအားလုံး မပျက်မကွက် ကြွရောက်ချီးမြှင့်ကြဖို့ သတိတရနဲ့ ဖိတ်ကြားပါတယ်-

အလှူဒါနပြုလုပ်ခြင်း - ၂၅-၅-၂၀၁၃ ရက်(စနေနေ့) နံနက် ၁၀ နာရီ
လူမှုဝန်ထမ်းဦးစီးဌာန၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း
မရမ်းကုန်းမြို့နယ်

ညစာစားပွဲ - ၂၅-၅-၂၀၁၃ ရက်(စနေနေ့) ညနေ ၁၈း၀၀ နာရီ
M3 Food Centre (အာဇာနည်ကုန်းဆင်းအနီး)

ဆက်သွယ်ရန်ဖုန်းများ - ၀၉-၇၃၅၇၇၇၇၇၊ ၀၉-၅၀၅၆၄၉၆၊ ၀၉-၅၄၀၀၀၀၉
၀၉-၅၀၁၇၆၇၈၊ ၀၉-၂၀၃၆၉၃၆

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ မြေကွက်အမှတ် ၅၄/ခ၊ မြေကွက်တည်နေရာအမှတ်(၅၄/ခ)၊ မေခဝီလမ်း၊ (၉)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဦးအောင်မြင့်)[၁၂/ဥကမ(နိုင်)၁၁၉၈၉၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးအောင်မြင့်ကွယ်လွန်သဖြင့် ဒေါ်တင်တင်အေး [၁၂/ဥကမ(နိုင်)၁၀၉၃၄၁]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၀၀/၂၂-၃-၂၀၁၃)ဖြင့်ရရှိသူ ဒေါ်တင်နွယ်နွယ်ဦး[၁၂/ဥကမ(နိုင်)၁၇၉၅၈၈] မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

**ဦးသိန်းဇော်ဇော်ထွဋ်နိုင်[၇/ပခန(နိုင်)၂၂၄၁၂၄] အုပ်ချုပ်မှုဒါရိုက်တာ KPZ 1 Co.,Ltd. အမှတ်(၁၁၂)၊ယုဇနလမ်း၊ ရုံးကြီးရပ်ကွက်၊ပဲခူးမြို့နှင့် Nikko Auto Myanmar KPZ 1 Co.,Ltd. အမှတ်(၉ဂ/ဘီ)၊ မြေညီထပ်၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နှင့် အများသိရှိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ Nikko Auto Japan Co.,Ltd ၏ မြန်မာနိုင်ငံအတွက် အရောင်းကိုယ်စားလှယ် ဝန်ထမ်းဖြစ်သော မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင် ရပ်ကွက်၊ ၉၄-လမ်း၊ အမှတ်-၅၁၊ ပထမထပ်(ယာ)နေ ဒေါ်ဝင်းပပအောင်(ခ)ဒေါ်ဝင်းမင်းသန်း(ခ)မပပ(ခ)Kojima Mitsuki[၁၂/မဂတ(နိုင်)၀၅၄၆၈၈]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြား တောင်းဆိုလိုက်ပါသည်။

လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေမှတစ်ဆင့် Nikko Auto Japan Co.,Ltd. သို့ မော်တော်ယာဉ် သွင်းကုန်ပါမစ်များ ပေးပို့ခဲ့ပြီး ဂျပန်နိုင်ငံမှမော်တော်ယာဉ်များ တင်သွင်းပေးပါရန် တောင်းခံလာသည့်အတွက် Nikko Auto Japan Co.,Ltdမှ (1)Mitsubishi Fuso Truck(1997),Chassia No.Fs 510VZ500513,(2)Nissan Condor(2004).Chassis No,MK 25A09451,(3)Nissan Civilian Bus(2000).Chassis No,BHW 41001705,(4)Mitsubishi Canter(2003), Chassis No.FE 83 DEY 500163, (5) Nissan Dump(2002), PK 252 K 00083, (6)Mitsubishi Rosa Mini Bus(1999), Chassis No. BE 63 EE 100216, (7) Nissan Cvilian Bus (1997), Chassis No. RGW 40101850, (8) Nissan Civilian Bus(2002), Chassis No.BVW 41010159, (9) Mitsubishi Rosa Bus (2001), Chassis No.BE 63 EG 100444, (10) Nissan Condor (2004), Chassis No. MK 25 A09788, (11) Nissan Dump (2004), Chassis No. PW 25 A 00280 ကားများအား Nikko Auto Japan Co.,Ltd. က ၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နှင့် ၂၀၁၃-ခုနှစ်၊ မတ်လ ၁၃ ရက်များတွင် (၂)ကြိမ်ခွဲ၍ Bill of Loading များနှင့်တကွ ဦးသိန်းဇော်ဇော်ထွဋ်နိုင်ထံ ပေးပို့ခဲ့ရာ ယင်းကား များအား ဆိပ်ကမ်းမှထုတ်ယူပြီးနောက် ဦးသိန်းဇော်ဇော်ထွဋ်နိုင်က ရောင်းချခဲ့သော်လည်း Nikko Auto Japan Co.,Ltd. ၏ Singapore Account သို့ ကားတန်ဖိုးငွေများပေးပို့ခဲ့ခြင်းမရှိသည့်အတွက် Nikko Auto Japan Co.,Ltd. မှ Mr.Tanakasan (Auditor)က ၂၀၁၃-ခုနှစ်၊ ဧပြီလ ၂၆ ရက်တွင် လူကြီးမင်းထံ လာရောက်တောင်းခံခဲ့သော်လည်း လူကြီးမင်းဘက်မှ ဖြေရှင်းပေးခဲ့ခြင်းမရှိပါ။ သို့ပါ၍ ဤအကြောင်းကြားစာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း အထက်ပါ ကား(၁၁)စီးနှင့်ပတ်သက်သည့် ငွေကြေးများအား ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ လာရောက်ဖြေရှင်းပေးရန် အကြောင်းကြားတောင်းဆိုလိုက်ပါသည်။

လူကြီးမင်းဘက်မှ ပျက်ကွက်ခဲ့ပါလျှင် တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

ညွှန်ကြားချက်အရ-
ဦးမင်းဆွေ **B.A, R.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၁)
အမှတ်(၈၃)၊ အခန်း(၁၄-အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၇၂၇၆၊ ၅၁၉၆၃၇၈

## နှစ်နှစ်သားအရွယ် ကလေးတစ်ဦး ရေနစ်သေဆုံး

**သုံးခွ မေ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ညောင်လန်းကုန်းရဲစခန်း၌ မေ ၇ ရက် မွန်းတည့် ၁၂ နာရီတွင် ဒု-ရဲအုပ်မြင့်ဇော် စခန်းမှူးတာဝန်ထမ်းဆောင်နေစဉ် ဩဘာညွန့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ရွှေက ဩဘာညွန့်ရွာ(တာတန်း)တွင် ကလေးငယ်တစ်ဦး ရေနစ်သေဆုံးနေကြောင်း အကြောင်းကြားသဖြင့် ညောင်လန်းကုန်းစခန်းမှူးက သုံးခွမြို့မရဲစခန်းမှူး ရဲအုပ်စိုးမိုးအောင်ထံ သတင်းပေးပို့တင်ပြပြီး အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ရွှေ၊ ဆယ်အိမ်မှူး ဦးကျော်မြင့်စိန်တို့နှင့်အတူ အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မောင်မင်းဟိန်းကို (၂)နှစ် ဩဘာညွန့်ကျေးရွာ(တာတန်း) နေသူဖြစ်ပြီး ၎င်းသည်အိမ်ရှေ့မျက်နှာစာရှိ အလျား ပေ ၃၀၀၊ အနက် တစ်ပေခွဲခန့်ရှိရေကန်၏ အနောက်ဘက်အစပ်၌ နံနက် ၉ နာရီခန့်တွင် မိဘများအိမ်ပြင်နေစဉ် တစ်ဦးတည်း ဆော့ကစားနေရာမှ ရေကန်ထဲချော်ကျပြီး ရေနစ်သေဆုံးခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ မိခင်ဖြစ်သူ ဒေါ်မြင့်ရီနှင့် ဦးလေးဖြစ်သူ ဦးဖိုးသံတို့၏ ပြောပြချက်များအရ စစ်ဆေးသိရှိရပြီး သေဆုံးသူ၏ အလောင်းအားစစ်ဆေးရာ ပြင်ပဒဏ်ရာများရရှိထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရ၍ ရဲဆေးစာနှင့်အတူ သုံးခွဆေးရုံသို့ပို့အပ်၍ သေဆုံးမှုအား ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးဆောင်ရွက်နိုင်ရန် သေမှုသေခင်းအမှတ်စဉ် (၁၁/၂၀၁၃)ဖြင့် အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

မိုးရာသီကာလတွင် ရေနုတ်မြောင်းများ တူးဖော်ထားရှိသော လယ်ယာမြေနှင့်အနီးရှိ လယ်ယာလုပ်ကိုင်နေသူ တောင်သူများသည် မိမိတို့၏ ရင်သွေးငယ်များအား ရင်အုပ်မကွာစောင့်ရှောက်သင့်ပြီး ရေမြောင်း၊ ရေကန်နှင့်နီးသော လယ်တဲများရှိမိသားစုများမှာ မိမိတို့၏ရင်သွေးငယ် (၂) နှစ်အရွယ်၊ (၃) နှစ်အရွယ် ကလေးငယ်များအား ယခုကဲ့သို့ ရေနစ်သေဆုံးမှုမဖြစ်စေရန် အထူးဂရုစိုက်သင့်ပါသည်။

**(တံတားကျော်လွင်)**

## ခရမ်း၌ စကားများရာမှ ဓားမြှောင်ဖြင့်ထိုး၍သေဆုံး

**ရန်ကုန် မေ ၁၇**

မေ ၁၂ ရက် ည ၉ နာရီတွင် ခရမ်းမြို့နယ် ညောင်လန်းလေး ကျေးရွာနေ မျိုးချစ်ခိုင် (၂၃) နှစ်သည် နေအိမ် အနောက်မြောက်ထောင့်ဘက်၌ ဆူညံသံကြား၍ သွားကြည့်ရာ ဖခင်ဦးခင်ဝင်း (၅၇) နှစ်မှာ ယာနံဘေး ထိုးသွင်းဒဏ်ရာတစ်ချက် ရရှိထားကြောင်း တွေ့ရသဖြင့် မေးမြန်းရာ လွန်ခဲ့သော သုံးလခန့်က ဦးခင်ဝင်း၏ မိခင်အား ဇင်မောင်ထွန်း (၂၃) နှစ် ညောင်လန်းလေး ကျေးရွာနေသူက ဦးခင်ဝင်း၏အိမ်တွင် မနေရန် ပြောဆိုမှုနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်ကာ စကားများရန်ဖြစ်ပြီး ဇင်မောင်ထွန်းက ဓားမြှောင်ဖြင့် ထိုး၍ ရရှိသောဒဏ်ရာဖြစ်ကြောင်း သိရှိရကာ ခရမ်းဆေးရုံသို့ ပို့ဆောင်စဉ် ဆေးရုံအရောက်၌ သေဆုံးသွားခဲ့သည်။

ဖခင်ဖြစ်သူ ဦးခင်ဝင်းအား ဓားဖြင့်ထိုးသည့် ဇင်မောင်ထွန်းအား အရေးယူပေးရန် မျိုးချစ်ခိုင်၏ တိုင်တန်းမှုကို ခရမ်းရဲစခန်းက (ပ) ၁၂၇/၂၀၁၃၊ ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိပြီး ဇင်မောင်ထွန်းမှာလည်း အခင်းဖြစ်စဉ် ဦးခင်ဝင်းက ဓားဖြင့်ထိုး၍ ဝဲရင်အုံတွင် ဒဏ်ရာတစ်ချက်ရရှိပြီး ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာ (စိုးရိမ်ရ) အဖြစ် ကုသရသောကြောင့် ဇင်မောင်ထွန်းအား ခရမ်းရဲစခန်းမှ ဒု-ရဲအုပ်လှငွေပါ တပ်ဖွဲ့ဝင်လေးဦးက စောင့်ကြပ်လျက်ရှိသည်။ **(၃၁)**

## သမက်နှင့် ယောက္ခမ အရက်အတူသောက်ပြီး စကားများရာမှ သမက်က ယောက္ခမကို ဓားဖြင့်ခုတ်၍ သေဆုံး

**ရမည်းသင်း မေ ၁၇**

သမက်နှင့် ယောက္ခမဖြစ်သူတို့ အရက်အတူသောက်ကြရင်း စကားများကြရာမှ သမက်က ယောက္ခမအားဓားဖြင့်ခုတ်၍ သေဆုံးသွားမှု ဧပြီ ၃၀ ရက်တွင် ရမည်းသင်းမြို့ အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ ထီးလှိုင်ရွာ၌ ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဒေါ်ဝင်း(၄၄)နှစ်သည် ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရွာထဲနေ သမီးဖြစ်သူ ဝင်းမာရွှေ၏နေအိမ်သို့ အလည်သွားစဉ် လွန်ခဲ့သော လေးနှစ်ခန့်က စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ကွဲကွာနေသော ခင်ပွန်းဖြစ်သူ ဦးသာအေးနှင့် သမက်ကျော်ထူးတို့ ထမင်းအတူစား၊ အရက်အတူသောက်နေကြသည်ကို တွေ့ရသည်။ ခဏအကြာ ဦးသာအေးက သမက်ဖြစ်သူအား စိန်ခေါ်ကာ ရွာထဲရှိ ၎င်း၏နေအိမ်သို့ပြန်သွားရာ သမက်ဖြစ်သူက ပြန်ဆဲပြီး ဓားရှည်ကိုယူ၍ ဆိုင်ကယ်စီးကာ ဦးသာအေးနောက် လိုက်သွားသည်။ ခဏအကြာ ဦးသာအေးမှာ ဓားဒဏ်ရာဖြင့်သေဆုံးသွားသည်ကို သိရ၍ ဒေါ်ဝင်းက ခင်ပွန်းဖြစ်သူအား ဓားဖြင့်သေအောင်ခုတ်သူ ကျော်ထူးအား ဥပဒေအရ အရေးယူရန် ထူးကုန်းရဲစခန်းတွင် တိုင်ကြားခဲ့သည်။

တရားခံ ကျော်ထူး (၂၅)နှစ်အား ရွှေပြည်သာရပ် ရမည်းသင်းမြို့ ရဲစခန်းက (ပ)၄၉/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ အရ စခန်းမှူးဒုရဲအုပ် သန်းဇော်ထွေးက ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၃၀)**

## ကဝမြို့နယ်တွင် ပိုင်ရှင်မဲ့နွားများ ဖမ်းဆီးရမိ

**ကဝ မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အောင်မိဿာကျေးရွာ၊ လခြမ်းသောင်ပေါ်တွင် နွားများအားတရားမဝင်သယ်ဆောင်နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ကဒက်စိန်ရဲစခန်း တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းရရှိရာ အောင်မိဿာကျေးရွာ လခြမ်းသောင်သို့ သွားရောက်စစ်ဆေးခဲ့ရာ မေ ၁၂ ရက် ညနေ ၄ နာရီခန့်တွင် နွားထီးသုံးကောင်အား ပိုင်ရှင်မဲ့တွေ့ရှိရပြီး သက်သေများရှေ့တွင် ပိုင်ရှင်မဲ့ တွေ့ရှိရသော နွားထီးသုံးကောင်အား စာရင်းရေးသွင်းပြီး ကဒက်စိန်ရဲစခန်းတွင် ထိန်းသိမ်းထားရှိကာ သက်ဆိုင်ရာ အထက်အဖွဲ့ အစည်းအသီးသီးသို့ တင်ပြအစီရင်ခံ ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြထားကြောင်း သိရသည်။

**(ဇော်ရှင်း-ဥဿာ)**

## ကျိုက်ထို၌ ဆေးခြောက်ဖမ်းဆီးရမိ

**ကျိုက်ထို မေ ၁၇**

ကျိုက်ထိုမြို့နယ် ကင်းမွန်းချောင်း ကျေးရွာ ရောင်ခြည်ဦး (၅)လမ်း အမှတ် (၉၉)နေ ရဲသူရိန်ထွန်း(ခေါ်) ကိုရှိုင်း (၂၁) နှစ်၏ နေအိမ်၌ ဆေးခြောက် ရောင်းဝယ်ဖောက်ကားနေကြောင်း သတင်းအရ မေ ၁၄ ရက် နံနက် ၁ နာရီခွဲတွင် ကင်းမွန်းချောင်း ရဲကင်းမှူး ဒု-ရဲအုပ်ကံမြင့်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့ နတ်စင်အောက်ရှိ ပန်းအိုးကြားတွင် ဝမ်းတီးနို့ဆီအိတ်ခွံဖြင့် ထည့်ထားသော ဆေးခြောက်ဟု ယူဆရသည့် အမှုန့်ငါးမူးသား (၈ ဒသမ ၁၆ ဂရမ်) အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲသူရိန်ထွန်း (ခ) ကိုရှိုင်းအား ရင်ပြင်တော် နယ်မြေရဲစခန်းမှ မူးယစ် (ပ) ၁/၂၀၁၃၊ မူးယစ်စိတ်ပြောင်း ပုဒ်မ ၁၅/၁၆ (ဂ) အရ ဖမ်းဆီးအရေးယူထားကြောင်းသိရသည်။

**ဝင်းမောင် (ပြန်/ဆက်)**

## မိန်းမကို ဓားဖြင့်ထိုးသတ်ပြီး မိမိကိုယ်ကို ဓားဖြင့်ထိုး၍ သေကြောင်းကြံ

**ဟိုပုံး မေ ၁၇**

မေ ၁၅ ရက် ည ၈ နာရီခွဲခန့်တွင် ဟိုပုံးမြို့နယ် စငေါ်ကျေးရွာအုပ်စု နမ့်ဟူးကျေးရွာ၏အနောက်တောင်ဘက် တောင်စောင်းသနပ်ဖက်ခြံ၌ မောင်ရေ (ခ) သက်ဦး(၂၇) နှစ်နှင့် ၎င်း၏ဇနီးဖြစ်သူ မမိဟွန် (၂၈) နှစ်တို့လင်မယားချင်း ရန်ဖြစ်ကြစဉ် ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူအား ဓားဖြင့် ခြောက်ချက်ထိုးပြီး မိမိကိုယ်ကိုဓားဖြင့် နှစ်ချက်ထိုး၍ သေကြောင်းကြံသည့်ဖြစ်စဉ် တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သေကြောင်းကြံသူ မောင်ရေမှာ သေဆုံးခြင်းမရှိဘဲ မေ့မြောနေသဖြင့် တောင်ကြီး စဝ်စံထွန်းဆေးရုံသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း အမှုကို ဟိုပုံးရဲစခန်းတွင် (ပ) ၄၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂/၃၀၉ ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းတင်ဦး (ရှမ်း/တောင်)**

## မိုးကြိုးပစ်၍ နွားနှစ်ကောင် သေဆုံး နွားကျောင်းသားများ သတိလစ်

**ရမည်းသင်း မေ ၁၇**

ရမည်းသင်းမြို့နယ်၏အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ ဗျည်းကပ်ရွာလယ်တောတွင် အစာစားနေကြသည့် နွားနှစ်ကောင်အား မေ ၁၁ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မိုးရွာ၊ လေတိုက်၍ မိုးခြိမ်းသံများနှင့်အတူ မိုးကြိုးပစ်ခံရ၍ သေဆုံးသွားခဲ့သည်။

သေဆုံးသည့် နွားများမှာ ဗျည်းကပ်ရွာနေ တောင်သူဦးကြည်လှိုင်၏ နွားနှင့် ဦးဒေါင်း- မမီးမီး၏ နွားထီးတစ်ကောင်တို့ဖြစ်ပြီး နောက်ကျောကုန်းအား မိုးကြိုးထိမှန်ပြီး နေရာတွင် သေဆုံးသွားကြသည်။ ထိုနေရာနှင့် မနီးမဝေးရှိ နွားကျောင်းသား လေးဦးသည်လည်း မိုးကြိုးပစ်သေဆုံးသည်ကို မြင်တွေ့ရသဖြင့် ကြောက်လန့်ပြီးသတိများလစ်သွားကြကြောင်း သိရသည်။ **(၁၁၅)**

## ဝေါမြို့နယ်၌အမြောက်ဆန်အဟောင်းတစ်လုံးတွေ့ရှိ

**ဝေါ မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဘုရားသုံးဆူကျေးရွာအနီး "ဆင်ရွာနဂါးပေါက်" ရေလျှံထိန်းတာစီမံကိန်းတွင် မေ ၁၃ ရက် နံနက်၁၀ နာရီခွဲခန့်တွင် မုဒုံမောင်မောင်ကုမ္ပဏီမှ ဟွန်းဒိုင်းမြေတူးစက်ကြီးဖြင့် လုပ်ငန်းများတူးဖော်ဆောင်ရွက်နေစဉ် အလျား ၄၁ လက်မ၊ လုံးပတ် ၁၁ လက်မခန့်ရှိ သံချေးတက်နေပြီး အန္တရာယ်မရှိသုံးမရတော့သော ၄က်ပျောဖူးပုံသဏ္ဍာန် အမြောက်ဆန်ဟောင်းတစ်လုံး တွေ့ရှိမှုကြောင့် ဝေါမြို့နယ် မြစ်ကျိုးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးပြီး ၎င်းတွေ့ရှိရာနေရာ၌ပင် မြေကျင်းတူး သဲအိတ်ကာရံကာ အန္တရာယ်မရှိအောင် စီစဉ်ဆောင်ရွက်ပြီး နယ်မြေခံတပ်ထံ လွှဲပြောင်းအပ်နှံနိုင်ရေး ဆက်သွယ်အကြောင်းကြားထားကြောင်း သိရသည်။ **(ဇော်ထွန်း)**

















**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်ဦးအောင်မိုး[၅/စကန(နိုင်)၀၂၉၂၇၉]ကားပါမစ်၊ BL (၃)စောင်၊ Export Certificate မူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၅၇၃၆၆၊ ၀၉-၄၂၀၀၅၈၃၇

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်ဦးသက်ပိုင်ကျော်[၁၂/ဥကတ(နိုင်)၁၄၁၉၂၈]၏ ကားပါမစ်၊ BL (၃)စောင်၊ Export Certificate မူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၁၁၁၉၃၊ ၀၉-၄၂၀၀၅၈၃၇











## စစ်ကိုင်းမြို့ ရှေးဟောင်းစေတီများ၏ ပရိဝုဏ်အတွင်း အမြင်မသင့်လျော်မှုများ ဖယ်ရှားရန်လိုအပ်နေ

**စစ်ကိုင်း မေ ၁၇**

စစ်ကိုင်းမြို့ သမိုင်းဝင်ဝဠုဝန်ငါးထပ်ကြီးဘုရားတံတိုင်း၏ အရှေ့တောင်ထောင့် ရှေးဟောင်းစေတီပုထိုးများ၏ ပရိဝုဏ်အတွင်း၌ အနီးဝန်းကျင်နေအိမ်၊ ဈေးဆိုင်ခန်းများမှ အိမ်သာများ ဆောက်လုပ်အသုံးပြုနေသဖြင့် အမြင်မတင့်တယ်သည့်အပြင် စိတ်မချမ်းမြေ့ဖွယ်ဖြစ်နေသောကြောင့် ဖယ်ရှားရှင်းလင်းသင့်ကြောင်း ပြောဆိုလျက်ရှိနေကြသည်။ စစ်ကိုင်းမြို့ ဝဠုဝန်ငါးထပ်ကြီးဘုရားသည် သမိုင်းဝင်တန်ခိုးကြီးဘုရားကြီးတစ်ဆူဖြစ်ပြီး ရပ်ဝေးရပ်နီးဘုရားဖူးများ၊ နိုင်ငံခြားသားဧည့်သည်များ လာရောက်ဖူးမြော်လေ့လာလျက်ရှိသည်။ အမြင်မတင့်တယ်သည့်အပြင် ဘာသာရေးအရ အထွတ်အမြတ်ထားကြသည့် ရှေးဟောင်းစေတီများ၏ ပရိဝုဏ်အတွင်းတွင် အညစ်အကြေးစွန့် အိမ်သာများ တည်ဆောက်အသုံးပြုနေခြင်းအတွက် ပြည်သူများအနေဖြင့် စိတ်မချမ်းမြေ့ဖွယ်ခံစားကြရကြောင်း သိရသည်။ ဘုရားကြီးရှေ့ရှိ ဈေးဆိုင်တိုက်ခန်းများတွင် နေထိုင်သူများက ရှေးဟောင်းစေတီပုထိုးများ၏ ပရိဝုဏ်အတွင်း၌ မိမိတို့အစီအစဉ်ဖြင့် အိမ်သာဆယ်လုံးခန့် ဆောက်လုပ် အသုံးပြုနေကြခြင်းဖြစ်ပြီး စနစ်တကျဆောက်လုပ်ထားခြင်းမျိုးမဟုတ်ဘဲ အဆင်ပြေသလို ဆောက်လုပ်အသုံးပြုနေကြခြင်း ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့ ဝဠုဝန်ငါးထပ်ကြီးဘုရားကို သက္ကရာဇ် ၁၀၂၀ ခုနှစ် ညောင်ရမ်းခေတ်၌ သာလွန်မင်းတရားကြီး၏ သားတော်ပင်းတလဲမင်းခေါ် မင်းရဲနန္ဒမိတ်က တည်ထားခဲ့ခြင်းဖြစ်ပြီး ငါးထပ်ကြီးဘုရားအနီးဝန်းကျင်မှ ရှေးဟောင်းစေတီပုထိုးများမှာ ညောင်ရမ်းခေတ်လက်ရာများဖြစ်ကြောင်း သိရသည်။

**(၃၂၃)**

## ကျိုင်းတုံမြို့ နောင်ရေးလမ်းဆုံအနီးတွင် သစ်ပင်ကျိုးကျ၍ လျှပ်စစ်ဓာတ်တိုင်ကျိုးကျပျက်စီး

**ကျိုင်းတုံ မေ ၁၇**

မေ ၁၄ ရက် နံနက် ၈ နာရီခန့် လူစည်ကားချိန်တွင် ရပ်ကွက် (၁) ရုံးဟောင်းနေရာရှေ့ရှိ ပိတောက်ပင်ကြီးလဲကျ၍ သစ်ပင်အောက်တွင်ရှိသော အမှတ်(၂) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လိုင်းသွယ်တန်းထားသည့် ဓာတ်တိုင်မှာ ကျိုးကျပျက်စီးသွားခဲ့သည်။**(ယာပုံ)**

တာဝန်သိ ပြည်သူတစ်ဦး၏ အကြောင်းကြားမှုကြောင့် ကျိုင်းတုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူနှင့် လိုင်းအဖွဲ့ဝန်ထမ်းများက ပျက်စီးမှုအား ဖယ်ရှားရှင်းလင်းခဲ့သည်။

**(၅၁၃)**





## ကသာမြို့နေပြည်သူများ မီးသတ်ယာဉ်တစ်စီးလှူဒါန်း

**ကသာ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ မီးဘေးအန္တရာယ်ကျရောက်ပါက အချိန်တိုအတွင်း ငြိမ်းသတ်နိုင်ရေး၊ မြို့သူမြို့သားများ၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရေးစသည်တို့အတွက် မြို့မိမြို့ဖနှင့် မြို့သူမြို့သားများပူးပေါင်း၍ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့်ရေဂါလန် ၄၂၀၀ ဆံ့ ဒေါင်ဖန်းအမျိုးအစား မီးသတ်ယာဉ်တစ်စီး**(အပေါ်ပုံ)**ကို ဝယ်ယူလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

**နမ့်ဆန် မေ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပုလဲရတနာဆောင်၌ မေ ၆ ရက်က ကျင်းပသော အခြေခံရှေးဦးပြုစုခြင်း သင်တန်း၌လည်းကောင်း၊ မေ ၇ ရက်တွင် အခြေခံယဉ်ကျေးလိမ္မာသင်တန်း၌လည်းကောင်း စာဖတ်စွမ်းရည်ပြိုင်ပွဲများကို မြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက သွားရောက် ဆောင်ရွက်ခဲ့ကြသည်။

ထိုကဲ့သို့ သင်တန်းများ၌ စာဖတ်ဝိုင်းများ လာရောက်ဆောင်ရွက်ပေးသည့်အတွက် စာပေကိုအလွယ်တကူဖတ်ရှုနိုင်ပြီး စာအုပ်စာပေ၏ တန်ဖိုးမြင့်မားမှုကိုလည်း ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ **(ထားထားလှိုင်)**

## ရမည်းသင်းရွာတန်းတိုက်နယ် မီးလင်းရေးဆောင်ရွက်

**ရမည်းသင်း မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွာတန်းတိုက်နယ်တွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်လျက်ရှိသည်။

ရွာတန်းတိုက်နယ်တွင် ကျေးရွာပေါင်း ၂၄ ရွာရှိပြီး အိမ်ခြေ ၄၀၀၀ ကျော်ရှိသည်ဟု သိရကာ စိုက်ပျိုးရေးကိုလုပ်ကိုင်ကြပြီး စပျစ်သီးနှံကို အများအပြား စိုက်ပျိုးသောဒေသဖြစ်သည်။ ယင်းဒေသတွင် ပရိယတ္တိစာသင်တိုက်တစ်တိုက်၊ ဘုန်းတော်ကြီးကျောင်းပေါင်း ၂၀ ကျော်၊ အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်းပေါင်း ၂၀ ကျော်၊ တိုက်နယ်ဆေးရုံ တစ်ရုံ၊ ရဲစခန်းနှင့် ဈေးတို့တည်ရှိသည်။

နေရောင်ခြည်သုံးဆိုလာစနစ်ဖြင့် ယင်းဒေသတွင် မီးလင်းရေး၊ စက်မှုလက်မှုလုပ်ငန်းများ ဓာတ်အားရရှိရေးတို့အတွက် လျှပ်စစ်ဓာတ်အားနှစ်မဂ္ဂါဝပ်ထုတ်လွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။ ယခုကဲ့သို့ ရွာတန်း တိုက်နယ်တွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် မီးရရှိမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများမှာ ဒေသမီးလင်းရေးမျှော်လင့်လျက် ရှိကြသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



## မန္တလေးခရိုင်အတွင်း လေပြင်းတိုက်ခတ်ပျက်စီးသွားသည့်ဓာတ်အားလိုင်းတိုင်များအား အမြန်ဆုံးပြုပြင်ပေး၍ ဓာတ်အားပြန်လည်ရရှိ

**မန္တလေး မေ ၁၇**

မန္တလေးခရိုင်အတွင်း၌ မေ ၉ ရက် ညနေပိုင်းက မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းပိုင် ဓာတ်အားလိုင်းတိုင်များ ကျိုးပျက်ပြိုကျ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ချမ်းမြသာစည်မြို့နယ်အတွင်း ကန်တော်ကြီးအနောက်ဘက်ခြမ်းသို့ ဓာတ်အားပို့လွှတ်ထားရှိသော ၃၃ ကေဗွီ ဓာတ်အားလိုင်း ကွန်ကရစ်တိုင် ၁၅ တိုင်လဲကျပျက်စီးခဲ့သည်။

အဆိုပါမြို့နယ်ရှိ Pacific Electric Co.,Ltd. မှ တာဝန်ရှိသူများ၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့သော်လည်း လုပ်ငန်းအချိန်မီပြီးစီးနိုင်ရေးအတွက် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများဖြင့် နေ့/ည ပူးပေါင်းဆောင်ရွက်ခဲ့ရာ မေ ၁၁ ရက် ညပိုင်းတွင် ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

ထို့အပြင် အမရပူရမြို့နယ်အတွင်း၌ ၁၁ ကေဗွီ အမရဓာတ်အားလိုင်း၊ ကန်ပတ်လမ်း ဓာတ်အားလိုင်းနှင့် မုန်တလုံး ဓာတ်အားလိုင်းများမှ ဓာတ်အားလိုင်းကွန်ကရစ်တိုင် ၄၄ တိုင်လဲကျပျက်စီးခဲ့သဖြင့် အမရပူရမြို့နယ်အတွင်း မြို့နယ်တစ်ခုလုံး၏ ၅၀ရာခိုင်နှုန်းခန့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ယင်းနေ့၌ပင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှဝန်ထမ်းများ၊ ခရိုင်အတွင်းရှိ ဝန်ထမ်းများဖြင့် ဝိုင်းဝန်း၍ တိုင်သစ်ထူခြင်း၊ကြိုးဆွဲခြင်း၊ သစ်ပင်သစ်ကိုင်းရှင်းလင်းခြင်းများကို မြို့နယ်ရပ်ကွက်အတွင်းရှိ ပြည်သူများ ကူညီဆောင်ရွက်ပေးမှုတို့ကြောင့် လုပ်ငန်းမှာ အမြန်ဆုံးပြီးစီးဆောင်ရွက်နိုင်ခဲ့သဖြင့် ညနေပိုင်းတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်းအားလုံး ပုံမှန်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး အချို့သော ရပ်ကွက်များအတွင်းရှိ ၄၀၀ဗို့ ဓာတ်အားလိုင်း ပျက်စီးမှုများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများက အသေးစိတ်ကြည့်ရှုစစ်ဆေး၍ ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**(ကျော်မင်းသော်)**


### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၊ ၄ယ/၅၆၂၈၆ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကျော်ကျော်ထွန်း၊ မှတ်ပုံတင်အမှတ် [၉/မနတ(နိုင်) ၁၀၁၇၃၂]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၄၁၅၈၁ Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူအမည်၊ ဦးမြင့်စိုး မှတ်ပုံတင်အမှတ် [၉/အမရ(နိုင်) ဝ၆ဝ၃၄၄] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

### Total Skin Repair

**ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ အမည်းကွက်၊ အမည်းစက်၊ ချိုင့်ခွက်၊ နေလောင်ကွက်များ ပြုပြင်ရာဌာန**

ဆိုင်(၁)
မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ (မောင်ဝိတ်ကွန်ဒို) ၄-လွှာ
အခန်း(၄၀၁)၊ အောင်ဆန်းကွင်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၀၅၃၁၈၆
ဆိုင်(၂)
အခန်း(၀၁)၊ တိုက်(၄/၄)၊ ရန်ရှင်းလမ်းမကြီး၊ ရွှေအုန်းပင်အိမ်ရာ(၃) ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၀၀၀၉၂၆

### သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ မယ်ဇလီပင်ကျေးရွာ (စပျစ်ခြံ)နေ ကျွန်တော် ဦးဝင်းမောင်သန်း [၉/မထလ(နိုင်)၀၁၃၄၆၈]၏သားများဖြစ်သော ကိုဇော်ဝင်းထက် [၉/မထလ(နိုင်)၂၇၃၆၄၇]နှင့် ကိုသန့်ဇင်ဝင်း [၉/မထလ(နိုင်)၂၇၃၆၆၁]တို့သည် ဖခင်၏ဆိုဆုံးမမှုများကို ခံယူခြင်းမရှိပါသဖြင့် သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းတို့နှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဖခင်ဦးဝင်းမောင်သန်း**

### ပြင်ဦးလွင်မြို့ ဆင်ခေါင်းအရှေ့ ကွင်းအမှတ်(၇၄၇)၊ ဦးပိုင်အမှတ်(N-44) နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ သာယာဝတီလမ်း၊ အိမ်အမှတ်(၁/၅-ဘီ)နေ ဒေါ်ရှုခင် ၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မြောက်လားသော် ပေ(၂၀)လမ်း၊ တောင်လားသော်- ဒေါ်အေးငြိမ်းခိုင်၏ခြံ၊ အနောက်လားသော် ကျောက်ဆည်ကားလမ်းမ၊ အရှေ့လားသော်- ဦးဌေးအောင်၏ ခြံတွင်တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကွင်းအမှတ်(၇၄၇)၊ ကွင်းအမည် (ဆင်ခေါင်းအရှေ့)၊ ဦးပိုင်အမှတ် (N-44)၊ မြေဧရိယာ (၄. ၈၈)ဧကရှိ မြေနှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား အမည်ပေါက် ပိုင်ဆိုင်ခဲ့သော (၁) ဦးကောသလ္လကြီး၊ (၂) ဒေါ်ညွှန့်ရီတို့ထံမှ ဒေါ်ရှုခင်က (၁-၇-၂၀၁၁) ရက်မှစ၍ စာချုပ်စာတမ်း မြေစာရင်းပုံစံ (၁၀၅) မူရင်းနှင့်တကွ လက်ရောက်လွှဲပြောင်း ဝယ်ယူလက်ရှိ ပိုင်ဆိုင်သုံးစွဲလျက်ရှိပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ လက်ရှိပိုင်ရှင် ဒေါ်ရှုခင်မှ မြေအား မှတ်ပုံတင်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားရုံးတားဝရမ်း၊ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ကျွန်ုပ်အမှုသည်မှရင်းအမည်ဖြင့် မြေကွက်အား မှတ်ပုံတင်သွားမည်ဖြစ်ပါကြောင်းနှင့် ခိုင်မာသောအထောက်အထားမရှိဘဲ ကျွန်ုပ်အမှုသည် အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်လာပါက ကျွန်ုပ်အမှုသည်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရှုခင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့။**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၇၂၁၅၉၀၂၊ ၀၈၅-၂၃၂၄၁**

# လယ်မြေများရေလွှမ်းမိုးမှုမဖြစ်စေရန် ရေနုတ်မြောင်းများဖောက်လုပ် ပြည်သူများ သောက်သုံးရေလုံလောက်စေရန် ရေကန်များတူးဖော်

သတင်းနှင့်ဓာတ်ပုံ
ခရမ်းစိုးမြင့်

**တွံတေး မေ ၁၇**

တွံတေးမြို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ရှိပြီး ရန်ကုန်နှင့် ကားလမ်း ၁၇ မိုင်၊ ရေလမ်း ၁၅ မိုင်ခန့်သာဝေးသည့်မြို့ဖြစ်သည်။ မြို့အကျယ်အဝန်းမှာ စတုရန်းမိုင် ၂၇၉ ဒသမ ၉၄ မိုင် ကျယ်ဝန်း၍ လူဦးရေ ၂၁၄၆၀၀ နေထိုင်လျက်ရှိပြီး လူဦးရေ ၈၁ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများဖြစ်ကြသည်။

စိုက်ပျိုးနိုင်သည့် လယ်မြေဧက ၁၁၀၀၀၀ ကျော်ရှိပြီး မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ နေကြာ၊ ရာသီပင်စသော သီးနှံများစိုက်ပျိုးကြသည်။ ရေနုတ်မြောင်းများ နည်းပါးမှုကြောင့် မိုးစပါးစိုက်ဧက ၈၀၀၀ ခန့်မှာ နှစ်စဉ်မိုးတွင်း၌ ရေနစ်မြုပ်ခြင်းများ ကြုံတွေ့ရပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာပေါင်း ၂၃၄ ရွာရှိ ပြည်သူများအတွက် သောက်သုံးရေမှာလည်း ရေကန်များကိုသာ အားထားနေကြရသည်။

ယမန်နှစ်က ပျော်ဘွယ်လေးကျေးရွာနှင့် လက်ပံကုန်းကျေးရွာတို့မှာ ဧပြီလတွင် သောက်သုံးရေပြတ်လပ်မှုများရှိခဲ့ပြီး ယခုနှစ်တွင် ဂျောင်ဝိုင်းကြီးကျေးရွာ၊ ချောင်းဖျားကျေးရွာ၊ ကျွန်းကလေးကျေးရွာနှင့် ခလောက်ခလူကျေးရွာတို့မှာ သောက်သုံးရေပြတ်လပ်မှုများရှိခဲ့သဖြင့် သက်ဆိုင်ရာမှ ရေများသွားရောက်ပေးဝေခဲ့ကြရသည်။



တွံတေးမြို့နယ်၌ စပါးစိုက်ခင်းများရေနစ်မြုပ်မှုမှ ကာကွယ်ရေးအတွက် ရေနုတ်မြောင်းများကို စက်ကြီးများဖြင့် ဖောက်လုပ်နေစဉ်။

မြို့နယ်အတွင်း၌ နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုနှင့် မိုးရာသီတွင် လယ်မြေများ ရေကြီးနစ်မြုပ်ခြင်း မဖြစ်စေရန် ပြည်သူ့လွှတ်တော် အဆင့်ဆင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၏ တင်ပြမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများပါဝင်ကူညီမှုကြောင့် လယ်မြေဧက ၈၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေစပါးဧက ၂၅၀၀၀ စိုက်ပျိုးရာတွင် ရေပေးသွင်းနိုင်မည့် ရေနုတ်မြောင်း ၃၅ မြောင်း မိုင်အရှည်အားဖြင့် ၁၀၀ ခန့်ကို ဆည်မြောင်းဦးစီးဌာနကစက်ကြီးများဖြင့် ဖောက်လုပ်လျက်ရှိရာ ရေမြောင်းပေါင်း ၃၀ ခန့် ဖောက်လုပ်ပြီးစီးနေပြီဟုသိရသည်။

ထို့အပြင် မြို့နယ်အတွင်း ယမန်နှစ်က သောက်သုံးရေပြတ်လပ်ခဲ့သည့် ကျေးရွာများတွင် စေတနာရှင်ပြည်သူများ၏ မြေ၊ စက်၊ စက်သုံးဆီများ လှူဒါန်းမှုဖြင့် တစ်ဧကပတ်လည်ရှိ သောက်သုံး ရေကန်ကြီး လေးကန်ကို စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပေးခဲ့သည်။ ပေ ၁၀၀ ပတ်လည်ကန် ခုနစ်ကန်အပါအဝင် တွံတေးမြို့နယ်တွင် သောက်သုံးရေကန်ပေါင်း ၃၁၁ ကျော်ရှိသည်။

ထို့ကြောင့် တွံတေးမြို့နယ်တွင် နှစ်စဉ် ရေကြီးနစ်မြုပ်မည့် စပါးစိုက်ခင်းများ ရေလွှမ်းမိုးနိုင်မည် မဟုတ်သလို မြို့နယ်လူထုအတွက် သောက်သုံးရေ ပြတ်လပ်မှုမှလည်း ကင်းဝေးတော့မည် ဖြစ်သည်။

## CCA ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်း မြို့နယ်ဆင့်ပွားသင်တန်းပို့ချ

**ပန်းတနော် မေ ၁၇**

CCA ကလေးဗဟိုပြုချဉ်းကပ်သင်ကြားနည်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို မေ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင့်ပွားသင်တန်းသို့ တစ်မြို့နယ်လုံးရှိ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း ၂၆၆ ကျောင်းမှ ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်းမှ ဆရာ ဆရာမများ စုစုပေါင်းကျောင်း ၂၇၁ ကျောင်းမှ ဆရာ ဆရာမ ၉၀၀ ကျော်တက်ရောက်ကြသည်။

ထို့နောက် သင်တန်းနည်းပြ ဆရာ ဆရာမ ၆၆ ဦးတို့က ကျောင်းသားကလေးများနှင့် လက်တွေ့သရုပ်ပြသင်ကြားနည်းများပါတွဲဖက်၍ မေ ၁၂ ရက်မှ ၂၃ ရက်အထိ ၁၂ ရက်ကြာ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခင်မောင်ဇော်မြင့်)**

# ဗုဒ္ဓဓာတ်ကမ္ဘာလွှမ်းခြုံ မြတ်စွာဘုရားကြီးအား တပ်မတော်နှင့်ပြည်သူ စုပေါင်းလုပ်အားဒါနပေး

**ရွှေတောင် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာအုပ်စု ဖိုးသိန်းတန်ကျေးရွာ ရှေးဟောင်းသမိုင်းဝင်ရဟန္တာ ၈၀ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကနယ်လှည့်သာသနာပြုမဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရဦးစီး၍ ရဟန္တာ ၈၀ သိမ်တော်ကြီး သာသနာ့နယ်မြေအတွင်း တည်ထားပူဇော်မည့် ဗုဒ္ဓဓာတ်ကမ္ဘာလွှမ်းခြုံမြတ်စွာဘုရားကြီးအား တပ်မတော်နှင့်ပြည်သူ စုပေါင်းလုပ်အားဒါနပေးပွဲကို မေ ၁၂ ရက် နံနက် ၇ နာရီက ဗုဒ္ဓဓာတ်ကမ္ဘာလွှမ်းခြုံမြတ်စွာဘုရားကြီး၌ ကျင်းပခဲ့ရာ နယ်မြေခံတပ်များမှ အရာရှိအရာခံ၊ အကြပ်တပ်သားများ၊ မိသားစုဝင်များ၊ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ရပ်ကွက်ကျေးရွာများမှ ဒေသခံပြည်သူများက အင်အား ၅၀၀ ကျော်ဖြင့် စုပေါင်း၍လုပ်အားဒါနပေးခဲ့ကြကြောင်း သိရသည်။ **(၁၄၃)**

# မေတ္တာမြို့နယ်ခွဲတွင် ယာဉ်တိုက်မှုကြောင့် လူနှစ်ဦးသေဆုံး

**မေတ္တာ မေ ၁၇**

ထားဝယ်ခရိုင် မေတ္တာ-ထီးခီး နယ်စပ်ကုန်သွယ်ရေးကားလမ်း ထားဝယ်မင်းသမီးတံတားနှင့် တစ်မိုင်ခန့်အကွာ၌ မေ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ အီတာလျံထိုင်းကုမ္ပဏီဝန်ထမ်းဖြစ်သူ ဦးဝင်းရွှေ (၄၂) နှစ် မောင်းနှင်လာသော ၄ဂ/--- (ခဲရောင်) ဖိုးဝီမော်တော်ကားနှင့် မေတ္တာမြို့နယ်ခွဲ တောင်သုံးလုံးကျေးရွာအုပ်စု ရွှေချောင်းကျေးရွာနေ သားငယ်(ခ)စဘု (၂၄)နှစ် မောင်းနှင်ပြီး စောစက်ကလက်(၁၈) နှစ်နှင့် စောဆိုးခွာ(၁၉)နှစ်တို့ လိုက်ပါလာသည့်ဝေ့ဖ်အက်စ်(၁၂၅) အမျိုးအစားလိုင်စင်မဲ့မော်တော်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် သားငယ်(ခ)စဘုနှင့် စောစက်ကလက်တို့နှစ်ဦး နေရာ၌ပင် သေဆုံးခဲ့ပြီး စောဆိုးခွာမှာ ညာနဖူးပေါက်ပြဲဒဏ်ရာများ ရရှိသဖြင့် မေတ္တာမြို့နယ်ခွဲဆေးရုံမှတစ်ဆင့် ထားဝယ်အထွေထွေရောဂါကုဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**Summit Int'l Learning Centre**
S I L C
Centrel- 30-C,Manawhari St, Dagon Tsp-
Centrell- 91,Upper Kyeemyindine Rd,Ygn

**International Standard Curriculum**
*Foreign and Local Qualified Teachers!*
OPENING ON 6th JUNE! (LIMITED CLASS SIZE)
Pre-school, Primary~IGCSE
Mon ~ Fri 8:30 am ~ 3:00++ pm
Ph: 09-731 50 347 / 09-4500 66 812
01-538 906/ 01-538 398
School Bus! Myanmar/Chinese/ Piano Classes & Gym
www.silceducation.com

**လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း**

ဦးဝင်းကြိုင်(စိန်ကုနသည်)မိသားစုမှ လှူဒါန်းခဲ့သော ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းတိုက်နယ်ဆေးရုံ သစ်ကြီးအား ၁၄-၅-၂၀၁၃ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဒေါ်ပို့ပို့၊ ဒေါ်သီဂီ
ဒေါက်တာ မေယဉ်မောင်

**Best Auto Construction Co.,Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသည်။**
**(ပြည်တွင်း၌သာခန့်ထားရန်)**

(1) Site Engineer — ကျား/မ (1)ဦး
လုပ်သက်အနည်းဆုံး(၅)နှစ် ရှိရမည်။
(2) Architect — ကျား/မ (1)ဦး
ဗိသုကာအင်ဂျင်နီယာ BEဘွဲ့ရ၊ လုပ်သက်အနည်းဆုံး(၃)နှစ်ရှိပြီး လုပ်ငန်းကျွမ်းကျင်သူဦးစားပေးမည်။
(3) Site Manager — ကျား/မ (1)ဦး
ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်သက်အနည်းဆုံး(၅)နှစ် ရှိရမည်။
(4) Site တာဝန်ခံ — ကျား/မ (5)ဦး
ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်သက်(၅)နှစ် အနည်းဆုံးရှိရမည်။
(5) Sale & Marketing — ကျား/မ (4)ဦး
လုပ်သက်(၃)နှစ် အနည်းဆုံးရှိရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
(6) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင် — ကျား/မ (1)ဦး

လျှောက်ထားသူသည် Best Auto Construction Co.,Ltd သို့ ကြော်ငြာသည့်နေ့မှ (၂)ပတ်အတွင်း
၁။ ပညာအရည်ချင်း၊ အိမ်ထောင်စုဇယား
မှတ်ပုံတင်၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံချက်(မိတ္တူ)ပေးရန်။
**လူကိုယ်တိုင်လျှောက်ထားရန် အထက်ပါလိပ်စာ အတိုင်း**
**Phone -09 73184111, 09 73017686**
**No,7,8 ရွှေမြယာအိမ်ရာ မြယာကုန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**

တာရုတ်
ENGLISH Conversation Practice
Great Wall
TAMWE - 540714, 09 5183636
09 49 285182

Great Wall
KOREAN
EPS-TOPIK
Ph - 540714, 09 5183636

401518, 09-5113863, 09- 73157104

**2013-2014 တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက်**
ဆရာဦးသိန်းတင်စိုး B.E(EP)M.I.T ၏
ရူပဗေဒ - ဓာတုဗေဒ မေးခွန်းဟောင်း သင်ရိုးကုန်စာအုပ်ထွက်ပြီ
ရန်ကုန် - စာပေလောက၊ ရာပြည့်၊ စာပေဟောင်းလေးအိုးကြီး၊ အင်းဝစာအုပ်တိုက်
မန္တလေး - ထွန်းဦးစာပေ၊ နဂါးစာပေ၊ မောင်မောင်ပြေစာပေ တို့တွင်ရပါပြီ

**မန္တယ်နွယ်လင်းဇံနှင့်အများသိစေရန်**

ကျွန်တော်ကိုကျော်မင်းခိုင်၏ဇနီး မနွယ်နွယ်လင်းဇံ[၁၂/ကတတ(နိုင်)၀၂၉၆၄၇]သည် ၄-၃-၂၀၁၃ ရက်တွင် ၎င်း၏သဘောအလျောက် တိတ်တဆိတ်အိမ်မှထွက်သွားခဲ့ပါသည်။ မနွယ်နွယ်လင်းဇံသည် (၅)နှစ်အရွယ်နှင့် (၂)လအရွယ် ရင်သွေး(၂)ဦးအား အကြင်နာမဲ့စွာ ထားရစ်ခဲ့ပါသည်။ ထို့ပြင် သိန်း(၁၀၀)ခန့်တန် ရွှေငွေလက်ဝတ်ရတနာများ၊ ကျွန်တော့်ထံ အကျိုးတူစီးပွားရေးပူးပေါင်းလုပ်ကိုင်သူများ ထည့်ဝင်အပ်နှံထားသော ငွေကျပ် သိန်း(၆၅၀)ကျော်နှင့် အဖိုးတန်စာချုပ်စာတမ်းများကို ယူဆောင်သွားခဲ့ပါသည်။ မည်သည့်နေရပ်ဒေသရောက်ရှိနေသည် မသိရှိရပါ။ သို့ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း လာရောက်ဖြေရှင်းပေးရန်နှင့် ၎င်းအပါအဝင် သွေးဆောင်ဖြားယောင်းသူ လက်ခံအားပေးကူညီသူ မည်သူ့ကိုမဆို တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ကိုကျော်မင်းခိုင်**
**[၁၂/မရက(နိုင်)၁၃၅၁၂၂]**
**အမှတ်-၆၇၊ မြယမုံ-၂ လမ်း၊**
**ကြီးပွားရေးရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

ပြည်တွင်းရေးရာ

# ဘိုကလေးမြို့နယ် မြင်းကကုန်းစံပြကျေးရွာ၏ ကျက်သရေဂုဏ်ဆောင် တိုက်နယ်ဆေးရုံ

**ဘိုကလေး မေ ၁၇**

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တစ်ရပ်အနေဖြင့် နိုင်ငံတော်တွင် ယခုအခါ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးကို မြို့ပြ၊ ကျေးလက် ဒေသတွေပါမကျန် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော် အနေဖြင့် ပြည်သူများ ကျန်းမာပျော်ရွှင်စွာ သက်တမ်းစေ့ နေထိုင်နိုင်ရေးကို ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းရှိ မြင်းကကုန်းစံပြ ကျေးရွာတွင် မေ ၁၄ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ပေးခဲ့သော ခုတင်(၄၀)ဆံ့ တိုက်နယ်ဆေးရုံသည်လည်း ဒေသခံ ပြည်သူများ၏ကျန်းမာ ရေးစောင့်ရှောက်မှုကို အထောက်အကူပြုပေးနိုင်တော့မည် ဖြစ်သည်။

ပြည်သူအကျိုးပြု ဆောက်လုပ်ပေးခဲ့သော ယခုတိုက်နယ်ဆေးရုံမှာ အလှူရှင် ဦးဝင်းကြိုင် တစ်ဦးတည်းက သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။

ဦးဝင်းကြိုင်နှင့် မိသားစုသည် ရန်ကုန်မြို့ ရွှေဘုံသာလမ်းတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး မွေးရပ်ဌာနေ၏လိုအပ်လျက်ရှိသော ပြည်သူအကျိုးပြု လုပ်ငန်းများကို တစ်တပ်တစ်အား စိတ်အားထက်သန်စွာ ပါဝင်လုပ်ဆောင်ပေးလျက်ရှိသည်။ ၂၀၁၀ ခုနှစ်ကလည်း အဆိုပါ မြင်းကကုန်းစံပြကျေးရွာတွင် ငွေကျပ်သိန်းပေါင်း ၁၂၄၀ အကုန်အကျခံပြီး အထက နှစ်ထပ်ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းပေးခဲ့သည်။ ယခုတိုက်နယ်ဆေးရုံကိုလည်း ငွေကျပ်သိန်းပေါင်း ၄၅၀၀ အကုန်အကျခံဆောက်လုပ်လှူဒါန်းပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ တိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ဆေးရုံအုပ် ဒေါက်တာယဉ်ယဉ်မိုးက "ဒီတိုက်နယ်ဆေးရုံသစ် ဆောက်လုပ်လိုက်တဲ့အတွက် ဒေသခံပြည်သူတွေရဲ့ကျန်းမာရေးဟာ အရင် ကလို မပူပင်ရတော့ပါဘူး။ အရင်ကဆို ဒီအနီးအနားကျေးရွာတွေက ကွှန်မတို့ ဘိုကလေးဆေးရုံအထိ လာရတော့ အချိန်ကြာပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်တာ အများကြီးရှိပါတယ်။ အခုလိုတိုက်နယ်ဆေးရုံ ဆောက်လုပ်ခဲ့တဲ့အတွက် ကျန်းမာရေးဝန်ထမ်းတစ်ဦးအနေနဲ့ရော ပြည်သူတစ်ဦးအနေနဲ့ပါ အလွန်ဝမ်းသာပီတိဖြစ်မိပါတယ်။ ကွှန်မတို့မြို့နယ် ဆေးရုံကြီးအနေနဲ့လည်း လိုအပ်ရင် လိုအပ်သလို ကူညီထောက်ပံ့မှုမျိုးတွေ ပြုလုပ်ပေးသွားမှာပါ" ဟု ပြောကြားသည်။

အဆိုပါ တိုက်နယ်ဆေးရုံသည်ယခင်မူလ (၁၆)ခုတင်ဆံ့အဖြစ် ရည်ရွယ်ဆောက်လုပ်ခဲ့သော်လည်း ဒေသခံပြည်သူများ၏ ဆန္ဒ၊ အလှူရှင်၏ စေတနာထက်သန်မှုကြောင့် ခုတင် (၄၀)ဆံ့ဆေးရုံအဖြစ် တည်ဆောက်ခဲ့သည်။ ဆေးရုံ၏ဧရိယာဧကမှာ ငါးဧက ကျယ်ဝန်းပြီး ပုံသဏ္ဌာန်မှာ "U"ပုံသဏ္ဌာန်ဖြစ်၍ ဆရာဝန်ခန်း တစ်ခန်း၊ သူနာပြုဆရာမခန်း နှစ်ခန်း၊ အမျိုးသမီးလူနာသီးသန့်ဆောင်၊ အမျိုးသားလူနာသီးသန့်ဆောင် နှစ်ဆောင်၊ မီးဖွားခန်း တစ်ခန်း၊ မီးဖွားပြီးလူနာခန်း တစ်ခန်း၊ အစည်းအဝေးခန်းမ တစ်ခန်း၊ ခွဲစိတ်ခန်းနှစ်ခန်း၊ ဘုရားခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ အရေးပေါ်ပြင်ပလူနာခန်းတို့နှင့် Minor Room တို့ပါဝင်သည်။

ယင်းဆေးရုံကို ဆေးပဒေသာပင်အဖြစ် ကနဦးမတည်ငွေကျပ် ၂၂၃၅၀၀၀၀ ကို အလှူရှင် ၁၀ ဦးတို့က လှူဒါန်းခဲ့သည်။ မြင်းကကုန်းကျေးရွာသည် အိမ်ခြေ ၁၈၀၀ ခန့်ရှိပြီး လူဦးရေ ၁၃၀၀၀ ကျော်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**



ဘိုကလေးမြို့နယ် မြင်းကကုန်းစံပြကျေးရွာရှိ ခုတင် (၄၀) ဆံ့ တိုက်နယ်ဆေးရုံ။



## အိုမင်းရင့်ရော်ပျက်စီးနေသော မီးပြတိုက်

**တွံတေး မေ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် တွံတေးမြို့သို့ ဝင်သော လှိုင်မြစ်ဝ(ရန်ကုန်မြစ်)၏နံဘေးတွင် ယခင် ဗြိတိသျှ ကိုလိုနီခေတ်က ရေကြောင်းလမ်းပြ တည်ဆောက်ခဲ့သော မီးပြတိုက်နှင့်ကမ်းများ လွယ်လင့်တကူ မပြိုကျနိုင်ရေးအတွက် ကျောက်တန်းစီ ကာရံထားသော နှစ်ဖာလုံခန့် ကျောက်ပြားတန်းကြီးမှာ သက်တမ်းနှစ် ၁၀၀ ကျော်လွန်လာသော ယခုအချိန်တွင် ရေ၊ လေတို့၏ တိုက်စားရိုက်ခတ်မှုကြောင့် အိုမင်းရင့်ရော်ကာ ပြိုကျပျက်စီးလာနေပြီဖြစ်သည့်အတွက် ရေကြောင်းသွားလာသော ရေလုပ်သားများနှင့် ရေယာဉ်များအား ဘေးကင်းစွာ သွားလာလှုပ်ရှားနိုင်ရေးအတွက် ဤမြစ်ဆုံအဝတွင် သင့်တင့်သော မီးပြတိုက်တစ်ခုရှိသင့်ကြောင်း ရေလုပ်သားများနှင့် ဝါးဖောင်မျှောသူလုပ်သားများထံမှ သိရသည်။ **(ရွှေတိုင်လွင်)**

## စာရေးဆရာမကြီး ဒေါ်ပတ္တမြားခင် ဘဝတူစာပေရေးဖော်များအား ကူညီ

**မန္တလေး မေ ၁၇**

တစ်ခေတ်တစ်ခါက ခန့်ခန့်ကြီး ဓာတ်ပုံတိုက်ဖြင့် အမျိုးသမီးဓာတ်ပုံဆရာမကြီးအဖြစ် ထင်ပေါ်ကျော်ကြားခဲ့ပြီး ပတ္တမြားခင်ကလောင်အမည်ဖြင့် စာရေးသားခဲ့သော အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်နေ ဒေါ်ခင်မကြီး၏(၈၉)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဘဝတူ စာပေစာရေးဖော်များအား ကူညီထောက်ပံ့ငွေ လှူဒါန်းပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကနိကာယကျောင်းတော် ငွေရတုခန်းမ၌ ကျင်းပသည်။

စာရေးဆရာမကြီး ဒေါ်ပတ္တမြားခင် ရန်ပုံငွေထိန်းသိမ်းရေးအဖွဲ့ကိုယ်စား စွယ်စုံပညာရှင်ဦးမိုးသူက ကျန်းမာရေးအရ လူမှုရေးအကူအညီလိုအပ်လျက်ရှိသော စာရေးဆရာကြီး ဒဂုံတာရာ အသက်(၉၄)နှစ်အား လှူဒါန်းခဲ့သည်။

ဒေါ်ခင်မကြီး(စာရေးဆရာမကြီး ဒေါ်ပတ္တမြားခင်)သည် ငယ်စဉ်က ဓာတ်ပုံရိုက်ဝါသနာပါခဲ့ကာ မန္တလေးတွင်ဓာတ်ပုံတိုက်ဖွင့်လှစ်ခဲ့ပြီး ဓာတ်ပုံဆရာမကြီးအဖြစ် ထင်ရှားခဲ့သည်။ လွတ်လပ်ရေးရပြီးခေတ်တွင် ရန်ကုန်မြို့သို့ ဓာတ်ပုံဆိုင် ပြောင်းရွှေ့ဖွင့်လှစ်၍ ယုဝတီဂျာနယ်တွင် ပတ္တမြားခင်ကလောင်အမည်ဖြင့် စာများရေးသားခဲ့သည်။နောက်ပိုင်းတွင် သားသမီးများရှိရာ အမေရိကန်နိုင်ငံသို့ သွားရောက်နေထိုင်ခဲ့ပြီး လွန်ခဲ့သည့်(၂၅)နှစ်ခန့်က မြန်မာနိုင်ငံသို့ အလည်ပြန်လာရင်း ဘဝတူစာပေရေးဖော်များ၏ အခက်အခဲများကို စာနာထောက်ထား၍ မန္တလေးအသင်းအခြေပြုကာ ရန်ပုံငွေထူထောင်ပေးခဲ့ပြီး မွေးနေ့တိုင်း ထောက်ပံ့လျက်ရှိသည်။ **(စိန်ရွှေလှိုင်)**


### ပညာရေးဝန်ကြီးဌာန
### အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
### NATIONAL MANAGEMENT COLLEGE
### ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Winner Computer Group တို့ပူးပေါင်း၍ အောက်ပါဒီပလိုမာသင်တန်း **အမှတ်စဉ်(၂၆)**ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ သင်တန်းအမည်-(က) Diploma in Information and Communication Technology (DICT)
(ခ) Diploma in Software Engineering (DSE)
(ဂ) Diploma in Hardware Engineering (DHE)
(ဃ) Diploma in Network Engineering (DNE)

၂။ အနိမ့်ဆုံးပညာအရည်အချင်း - တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆို/ အောင်မြင်ပြီးသူများဖြစ်ရမည်။

၃။ သင်တန်းကာလ - (၁)နှစ် (Project အပါအဝင်)

၄။ စတင်ဖွင့်လှစ်မည့်နေ့ရက် - ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ (Winner Computer Group) လေးထပ်ဆောင်၊ ကုန်သည်လမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၉၁၃၊ ၀၁-၇၀၃၂၃၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်**











### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ လူနေရပ်ကွက်အမှတ်(ဝါဆို)၊ မြေကွက်အမှတ်-၃၃၄၊ အကျယ်ပေ (၂၅×၅၀)၊ စတုရန်းပေ (၁၂၅၀)၊ ဧရိယာ (၀. ၀၂၈) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၊ ကမ်းသာယာလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို ဂရန်အမည်အပေါက်ပိုင်ရှင် ဦးထိန်ဝင်း[၁၂/ပဇတ(နိုင်)၀၀၇၇၁၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်နီသန်း(B.Com, R.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၇၆)**
**ရုံး- အမှတ်-၆၂၊ ပထမထပ်၊ အခန်း-၂၀၊ ပန်းဆိုးတန်းလမ်း၊**
**လောကနတ်အဆောက်အအုံ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉ ၈၆၁၃၆၁၂**



### အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ
### (အမွေဆက်ခံရန် သက်သေခံလက်မှတ်အက်ဥပဒေပုဒ်မ-၃၇၃)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈၈

**ဒေါ်စန်း**
**[၈/ပခက(နိုင်)၀၅၇၁၁၂]**
**အမှတ်-၄၆၈(က)၊ ၁၂လမ်း၊**
**၁၁-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်** **လျှောက်ထားသူ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ် ၄၆၈(က)နေ ဒေါ်စန်းက ကွယ်လွန်သူ ဦးသောင်းစိန်၏ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးသောင်းစိန်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးမှ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးသောင်းစိန်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်စန်း၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်လှမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

[illegible]




## နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီး ပဉ္စမအကြိမ် ကဆုန်ဗောဓိရေစင်သွန်းပွဲတော် ဖိတ်ကြားလွှာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လိပ်ပုတ်ကျေးရွာအုပ်စု လှော်ကားဥယျာဉ်လမ်း၊ လှော်ကားကျောင်းတိုက်အနီး တည်ထားကိုးကွယ်လျက်ရှိသော နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးတွင် ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ၏ ပွင့်ရာဗောဓိပင်(၂၈)ဆူအား ရေစင်သွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားသို့ ကြွရောက်ပူဇော်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

၂။ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားတို့၏ ပွင့်ရာဗောဓိပင်များအား ရေစင်သွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားနှင့်အတူ ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ၎င်းဘုရားများအား ရည်ရော်ရည်မှတ်ပြု၍ တည်ထားကိုးကွယ်သည့် သိကြားမင်းစမဘွဲ့ရ စေတီနှစ်ကျိပ်ရှစ်ဆူတို့အားလည်း ဖူးမြော်ကြည်ညိုနိုင်ပါရန်အတွက် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားနှိုးဆော်အပ်ပါသည်-

ကျင်းပမည့်နေရာ------ လှော်ကားဥယျာဉ်လမ်း၊ လှော်ကားတောရ ကျောင်းတိုက်ကြီးအနီး၊ လိပ်ပုတ်ကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကျင်းပမည့်နေရက်----- ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)
၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်(သောကြာနေ့)

ကျင်းပမည့်အချိန်------ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ

**နှစ်ကျိပ်ရှစ်ဆူစေတီတော်ဖြစ်မြောက်ရေးကော်မတီ**



## ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သီဟတပ်ခွဲ

**သူငယ်ချင်းများသို့ဖိတ်ကြားခြင်း**

သီဟ(၆၇)၏ နှစ်ပတ်လည် (၂၉)နှစ်မြောက်နေ့တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံး/သေဆုံးသွားသော သူငယ်ချင်းများအား ရည်စူး၍ သံဃာတော်များအား လှူဖွယ်ဝတ္ထုများနှင့် ဆွမ်းကပ်ခြင်း၊ နည်းပြအရာရှိများအား ဂါရဝပြုကန်တော့ခြင်းတို့ကို ရွှေတိဂုံဘုရား အနောက်ဘက်မုခ် မိုးညှင်းစံကျောင်းတွင် ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများ/ဇနီး သားသမီးများ ၁-၆-၂၀၁၃ ရက်(စနေနေ့) ၉း၀၀ နာရီ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**စုံစမ်းရန်** - ၁။ ဝင်းသိန်း ဖုန်း-၀၉၅၀၆၈၉၁၂
၂။ လှစိုး ဖုန်း-၀၉၇၃၀၆၅၂၄၂
၃။ မောင်ကျော် ဖုန်း-၀၉၅၂၄၀၃၃၈
၄။ အုန်းမြင့် ဖုန်း-၀၁-၇၀၈၆၇၇
၅။ သိန်းထွန်း ဖုန်း-၀၉၄၃၀၅၆၀၉၄
၆။ သန်းလွင် ဖုန်း-၀၉၄၂၀၀၁၆၈၇၇



[illegible]



## ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ၏ ပြည်ပသာသနပြုခရီး

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၂)ရပ်ကွက်ရှိ ဓမ္မစေတီ ထေရဝါဒ သာသနာပြုကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism) သည် ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ တပည့်ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ထားမှုကြောင့် ၅-၅-၂၀၁၃ ရက် ည ၇း၄၅ နာရီတွင် မြန်မာ့လေကြောင်းဖြင့် ပြည်ပသာသနာပြုခရီးကြွရောက်ပြီး ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**



## မင်္ဂလာဦးဆုမွန်လွှာ

ကိုမောင်မောင်ညို(အထက်တန်းရှေ့နေ)နှင့် မခင်မူယာအောင် လက်ထောက်ကထိက မနုဿဗေဒဌာန ရတနာပုံတက္ကသိုလ်တို့၏ ၁၀-၅-၂၀၁၃ ရက်တွင် ပြုလုပ်သည့် မင်္ဂလာပွဲအား အထူးဝမ်းမြောက်မိပါကြောင်းနှင့် သက်ဆုံးတိုင်ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သူငယ်ချင်းများ**

ဒေါ်လဲ့ရွှေဇင်မြင့်
(လ/ထ ကထိက မနုဿဗေဒဌာန၊ မန္တလေးတက္ကသိုလ်)
ဒေါ်သက်မာအေး
(လ/ထ ကထိက မနုဿဗေဒဌာန၊ မန္တလေးတက္ကသိုလ်)
ဒေါ်ပိုပိုလွင်(လ/ထ ကထိက မနုဿဗေဒဌာန၊ ဒဂုံတက္ကသိုလ်)



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း၊ ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ "လပွတ္တာမြို့-၃ မိုင်တွင် လပွတ္တာ ခရိုင်ရုံး ပေ(၆၀ × ၃၀ × ၁၂) RC တစ်ထပ်တိုက်တစ်လုံး" ဆောက်လုပ်လိုပါ၍ ကုမ္ပဏီများသည် သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် သတ်မှတ်ထားသော ဒီဇိုင်းပုံများနှင့်ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂၀-၅-၂၀၁၃ ရက်မှစတင်ပြီး ရုံးချိန်အတွင်း မြန်မာ့ဆားလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီးရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားနိုင်ပါသည်။

(က)အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် - ၂၀-၆-၂၀၁၃ ရက် ၁၆း၀၀ နာရီ

(ခ)အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ဧရာဝတီတိုင်းဒေသကြီး၊ မြန်မာ့ဆားလုပ်ငန်း

၄။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီး၊ မြန်မာ့ဆားလုပ်ငန်း ဖုန်း-၀၄၂-၂၄၂၅၀/၂၄၉၄၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့.**



## ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"

Ph:09-512-1284, 09-420-707802



## စေတနာဂုဏ်ထူး

(၉၁၁)တန်း

တသင်/တကျက် ဂိုင်း နှင့်

ဒေါက်ဒါ



## ရောင်းမည်

အမျိုးသမီးဝတ်အထည်မျိုးစုံနှင့် ဆိုင်တွင်းရှိ ပစ္စည်းများအား ဆိုင်ဖြုတ်ဈေးဖြင့် ရောင်းမည်။

**အမှတ်(၂၆-ဘီ)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။**

**Ph:09-2002334, 09-2003178, 01-249075**



## အမြန် ငှားမည်

မြေနီကုန်းယုန်ကြွတာဝါ 3F,(1100 Sqft) ပြင်ဆင်ပြီး၊3AC, 1MBR,1BR,

## အမြန်ရောင်း

[illegible] (1300 Sqft)2MBR,1BR,560

**Ph: 5036222, 49300678, 5006300**



IMA

Institute of Accounting & Finance

| Professional Courses | Class Schedule | Fees (Kyats) |
| --- | --- | --- |
